စိတ်ကူးချိုချိုအနုပညာ
mgyoe.com

# ပဋ္ဌာနသင်္ချုပ်

## မြန်မာဋီကာ

စစ်ကိုင်းတောင်ရိုး
ရွှေဟင်္သာဆရာတော်
အရှင်ပဏ္ဍိတထေရ်

mgyoe.com

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

ပရာဘဝသုတ် မြန်မာဋီကာ၊ ရွှေဟင်္သာဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတထေရ်
တမျက်နှာ ၁၆၆ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ စက်တင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း အုပ်ရေ ၅၀၀၊
၁၉၉၂ ရွှေဟင်္သာတိုက်ထုတ် ဒုတိယအကြိမ်မှ

ရောင်းဈေး 2500 K

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com



အဘိဓဇ မဟာရဋ္ဌဂုရု စစ်ကိုင်းတောင်ရိုး-ရွှေဟင်္သာဆရာတော်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ ပရာဘဝသုတ္တန်နိဒါန်း ၁

၂။ ပရာဘဝသုတ္တန်ပါဠိတော် ၃

၃။ ပရာဘဝသုတ္တန် မြန်မာပြန် ၆

၄။ ပရာဘဝသုတ္တန် မြန်မာဋီကာနိဒါန်း ၁၇

၅။ ကျမ်းဦး

(က) ပျက်လမ်းကို ကြိုတင်သိရကျိုး ၂၄

(ခ) ရဲရဲတောက် စကားတော် ၂၅

၆။ (၁) အမှတ်၊ ကြီးပွားကြောင်းနှင့် ပျက်စီးကြောင်း

(က) တိဟိတ်၊ ဒွိဟိတ် ခွဲခြားပုံ ၃၀

(ခ) ဉာဏ်ပါမှ ကြီးပွားသည် ၃၁

(ဂ) တိဟိတ်ပုဂ္ဂိုလ်ချင်းလည်း မတူကြ ၃၂

(ဃ) ပရာဘဝသုတ္တန်၌ ပဋိသန္ဓေဉာဏ်ကို အရင်းခံပတ္တနထား၍ ဟောတော်မူရပုံ ၃၂

၇။ (၂) အမှတ်၊ ကြီးပွားကြောင်းနှင့် ပျက်စီးကြောင်း

(က) တရားမှန်ကို လိုလားမှ ကြီးပွားသည် ၃၃


mgyoe.com

mgyoe.com

(ခ) သုစရိုက်ဆယ်ပါးသရုပ် ၃၄
(ဂ) ဒုစရိုက်ဆယ်ပါးသရုပ် ၃၅
(ဃ) စဉ်းစား၍ဖတ်ပါ ၃၆
(င) ကမ္ဘာပေါ်ရှိ အစိုးရတိုင်း ဗုဒ္ဓဝါဒကို
လိုက်နာကျင့်သုံးကြသည် ၃၇
(စ) ဒုစရိုက်တို့၏ အပြစ်များ ၃၈
(ဆ) ဉာဏ်ရှိသော်လည်း လမ်းမှားလျှင်
ပျက်စီးတတ်ပုံ ၄၁
(ဇ) ရဟန်းတော်များကို အဝတ်သင်္ကန်းက
ကယ်မသည်မဟုတ်၊ ရဟန်းကျင့်ဝတ်ကသာ
ကယ်မနိုင်သည် ၄၂
(ဈ) ဆဗ္ဗဂ္ဂီတို့သည် ဟောကြသေး၏ ၄၃
၈။ (၃) အမှတ်၊ ပျက်စီးကြောင်း
(က) လူမိုက်ကိုချစ်လျှင် ပျက်စီးတတ်၏ ၄၄
(ခ) ဗြဟ္မဒတ်မင်းနှင့် စိဉ္စမာနတို့အကြောင်း ၄၅
(ဂ) ဥစ္စာမဲ့စေကာမူ ပညာရှိလျှင်ပေါင်း ၄၅
(ဃ) ကိုယ့်ထက်တော်သူနှင့်ပေါင်း ၄၆
(င) အတွင်းရန်သူ၊ အပြင်ရန်သူ ၄၇
၉။ (၄) အမှတ် ပျက်စီးကြောင်း
(က) သူတော်ကောင်း ပညာရှိကိုမုန်းလျှင်
ပျက်စီး၏ ၄၇
(ခ) ဓာတ်တူချင်းသာ ပေါင်းသင်းမိကြပုံ ၄၈
(ဂ) ရှင်သာရိပုတ္တရာအရှင်မြတ်တို့ ဓာတ်တူချင်း
ဆက်ဆံတော်မူကြပုံ ၄၈
(ဃ) ရှင်မဟာကဿပ၏ တပည့်
ဓာတ်ချင်းမတူ၍ ထွက်ပြေးခြင်း ၄၉

mgyoe.com

mgyoe.com

(င) သူတော်ကောင်း လက္ခဏာများ ၅၀
(စ) သူတော်ကောင်းရွေးနည်း ၅၁
(ဆ) သူတော်ကောင်းထက် သူတော်ကောင်းဖြစ်သူ ၅၃
(ဇ) သီလ ရှိ မရှိ သိအောင်ပြုနည်း၊
ကောသလမင်းကြီးကို ဘုရားဟောတော်မူပုံ ၅၃
(ဈ) ရွှေရောင်တင် သူတော်ကောင်းများ ၅၄
၁၀။ (၅) အမှတ်၊ ပျက်စီးကြောင်း
(က) သူယုတ်သဘောတရားကို နှစ်သက်လျှင်
ပျက်စီး၏ ၅၅
(ခ) လူ့ကျင့်ဝတ်တရားတို့သည် တောင်ကျရေ
ပမာ ပြုပြင်တတ်က သူတော်ကောင်းကြီး
ဖြစ်နိုင်ပုံ ၅၆
(ဂ) အင်္ဂုလိမာလထေရ်အကြောင်း ၅၆
(ဃ) ကဿပဘုရား၏ နောက်ပိုင်းသာသနာနှင့်
မဟာကဏှဇာတ်တော် ၅၇
(င) သာသနာနောက်ပိုင်း၌ ဖြစ်ပေါ်တတ်ပုံ ၅၇
(စ) ဆင်လောက်ကြီးသော ခွေးနက်ကြီးထက်
ကြောက်မက်ဖွယ်ကောင်းသောအရာများ ၅၉
၁၁။ (၆) အမှတ်၊ ပျက်စီးကြောင်း
(က) အအိပ်များလျှင် ပျက်စီးတတ်၏ ၆၆
(ခ) အအိပ်များ၍ ရောဂါရတတ်ခြင်း ၆၇
(ဂ) အအိပ်များ၍ ဉာဏ်ထိုင်းတတ်ခြင်း ၆၇
(ဃ) မြတ်စွာဘုရားကို မာရ်နတ်က ပြစ်တင်ကဲ့ရဲ့ခြင်း ၆၈
(င) ကုမ္ဘဃောသကဝတ္ထု အအိပ်နည်း၍
သူဌေးဖြစ်ရပုံ ၆၉
(စ) အတုယူထိုက်သော ကုမ္ဘဃောသက၏ဂုဏ် ၇၁

mgyoe.com

mgyoe.com

၁၂။ (၇) အမှတ်၊ ပျက်စီးကြောင်း
(က) ပွဲလမ်းသဘင်၏ အပြစ်များ ၇၄
(ခ) ကျော့ကွင်း ခြောက်မျိုး ၇၆
၁၃။ (၈) အမှတ်၊ ပျက်စီးကြောင်း
(က) ထကြွလုံ့လ ကင်းမဲ့သောအပြစ်များ ၇၇
(ခ) သိင်္ဂါလနတ်မင်းက သားများကို ဆုံးမပုံ ၇၇
(ဂ) ခြင်္သေ့တို့သဘော ၇၈
(ဃ) ဝီရိယရှိလျှင် ကိစ္စအားလုံးပြီး၏ ၇၉
၁၄။ (၉) အမှတ်၊ ပျက်စီးကြောင်း
(က) ပျင်းရိခြင်း၏အပြစ်များ ၈၀
(ခ) အပေါက် ခြောက်မျိုး ၈၂
၁၅။ (၁၀) အမှတ်၊ ပျက်စီးကြောင်း
(က) ဒေါသကြီးသောအပြစ်များ ၈၃
(ခ) ဘုရားနှင့် ကေသိ မေးဖြေပုံ ၈၄
(ဂ) ရဟန်းကို ဘုရားသတ်ပစ်တော်မူပုံ ၈၄
(ဃ) ဒေါသကြီးသော ကလာဗုမင်း ပျက်စီးပုံ ၈၆
(င) သူတော်ကောင်း၏ သည်းခံပုံ မေတ္တာပွားပုံ ၈၇
(စ) အက္ကောသက ဘာရဒွါဇပုဏ္ဏား ၈၈
(ဆ) အပြစ်မရှိသူကို အပြစ်တင်လျှင် ဆဲဆိုရိုက်ပုတ် ပြစ်မှားလျှင် အပြစ်သည် ပြစ်မှားတတ်သူအပေါ်သာ ပြန်ရောက်ခြင်း ၈၈
(ဇ) စိတ်ဆိုးလာသူကို တုံ့ပြန်စိတ်ဆိုးလျှင် တုံ့ပြန်သူက သာ၍ ညံ့ရာရောက်တတ်ခြင်း ၈၉
(ဈ) ဗာလ နှစ်မျိုးနှင့် ပဏ္ဍိတ နှစ်မျိုး ၉၀
(ည) သိင်္ဂါလနတ်မင်း၏ ဩဝါဒ ၉၀

mgyoe.com

mgyoe.com

၁၆။ (၁၁) အမှတ်၊ ပျက်စီးကြောင်း
(က) မိဘအိုတို့ကို မလုပ်ကျွေးခြင်း၏ အပြစ်များ ၉၁
(ခ) မိဘတို့က သားသမီးများအား စောင့်ရှောက်ပုံ ၉၂
(ဂ) မိတ္တဝိန္ဒကအကြောင်း ၉၅
(ဃ) မိဘကို ပြုစုကျွေးမွေး၍ ချမ်းသာကြပုံ ၉၅
(င) မာတုပေါသကဆင်မင်း (ဝတ္ထု) ၉၆
(စ) ဆင်ပူဇော်ပွဲများ ပေါ်ပေါက်ခြင်း ၉၇
၁၇။ (၁၂) အမှတ်၊ ပျက်စီးကြောင်း
(က) အလှူခံတို့အား ဖိတ်ကြားပြီးလျှင်
မလှူလို၍ မလိမ်ရပုံ ၉၈
(ခ) ဗြာဟ္မဏာသဒ္ဒါ ပုဏ္ဏားဟူသောအနက်မရှိကြောင်း ၁၀၀
(ဂ) ဗြာဟ္မဏာအစစ်များ၏ ကျင့်ဝတ်များ ၁၀၀
(ဃ) ပုဂ္ဂိုလ်သုံးမျိုး ၁၀၁
(င) အလှူခံကိုရွေးချယ်၍ ပေးလှူသင့်ကြောင်း ၁၀၃
(စ) အလှူ၏စင်ကြယ်ပုံ ငြိမ်းအေးပုံ ၁၀၃
(ဆ) ဒါန၏ကျေးဇူးများ ၁၀၄
(ဇ) စတုမဟာရာဇ်နတ်မင်းကြီးများနှင့်
သိကြားမင်း ဒါနပြုပုံ ၁၀၅
(ဈ) ဒါနကို ပြုထိုက် ပြုကောင်းပုံ၊ မစ္ဆေရရှိသော
သူများ၊ ကောင်းမှု၌ မေ့လျော့သောသူများအား
ဒါနမပြုကြပုံ ၁၀၆
၁၈။ (၁၃) အမှတ်၊ ပျက်စီးကြောင်း
(က) ဝေဖန်ပေးကမ်းမှုကို မပြုတတ်သောသူသည်
မကြီးပွား၊ အခြွေအရံနည်းပါး၏ ၁၀၇
(ခ) ဝေဖန်ပေးကမ်း ချီးမြှောက်မှုသည်
အရေးပါသော လူကြီး၏ကိစ္စဖြစ်ပုံ ၁၀၈

mgyoe.com

mgyoe.com

(ဂ) ကောသိယသူဌေး (ဝတ္ထု) ၁၀၉
(ဃ) သိကြား၊ မာတလိ၊ ပဥ္စသိခ စသော
နတ်တို့သည် ဒါနကြောင့် နတ်ချမ်းသာကိုရပုံ ၁၀၉
(င) စေတနာချို့ငဲ့သော ဒါနအကျိုးပေးပုံ ၁၁၀
(စ) အာဂန္တုကသူဌေးအကြောင်း ၁၁၁
၁၉။ (၁၄) အမှတ်၊ ပျက်စီးကြောင်း
(က) မာန်မာနသည် ပျက်စီးယုတ်နိမ့်စေတတ်သည် ၁၁၂
(ခ) ဇာတိနှင့် ဂေါတ္တ (အထူး) ၁၁၃
(ဂ) ပုဏ္ဏားမျိုးတို့၏ မာန်တက်ပုံ ၁၁၄
(ဃ) ဗြဟ္မာ၏ ခံတွင်းမှ ပေါက်ဖွားသည်ဟု
စွဲယူကြသော ပုဏ္ဏားတို့ကို ရှင်းလင်း၍
ဟောပြတော်မူခြင်း ၁၁၅
(င) မျိုးရိုးက ကောင်းကျိုး ဆိုးကျိုးကိုမပေး
အလုပ်ကသာ ပေးပုံ ၁၁၆
(စ) မာန်ကြောင့် လူတန်းစားခွဲခြားတတ်သည် ၁၁၇
(ဆ) ဓနမာန်သည် သာ၍ဆိုးဝါးပုံ ၁၁၈
(ဇ) အရှင်သာရိပုတ္တရာနှင့် ရဟန်းတစ်ပါး ၁၁၉
(ဈ) မြေ၊ ရေ၊ မီး၊ လေတို့နှင့်တူသော စိတ်တော်ရှိပုံ ၁၂၀
၂၀။ (၁၅) အမှတ်၊ ပျက်စီးကြောင်း
(က) မိန်းမလိုက်စားများလျှင် ပျက်စီးတတ်သည် ၁၂၂
(ခ) အိမ်သူဇနီးကို အခွင့်သာစေသောနည်း ၁၂၂
(ဂ) အသိတာဘုမင်းသမီး လိမ္မာပါးနပ်ပုံ ၁၂၄
(ဃ) မိဘတို့ကောင်းမှ သားသမီးကောင်းမည် ၁၂၅
(င) မိန်းမ၏အလိုသို့ လိုက်ရကုန်သော
ယောကျ်ားတို့ အားနည်း၊ ပညာနည်း၊
အကန်းအမွဲ ဖြစ်တတ်ပုံ ၁၂၆

mgyoe.com

mgyoe.com


(စ) ဓုတ္တဖြစ်သော ယောက်ျား မိန်းမတို့၏
သားမြေး အစဉ်အဆက် ပျက်စီးတတ်ပုံ ၁၂၇

၂၁။ (၁၆) အမှတ်၊ ပျက်စီးကြောင်း

(က) အရက်သေစာ သောက်စားလွန်းလျှင်
ပျက်စီးတတ်ပုံ ၁၂၉

(ခ) အရက်ကြောင့် ရင်သွေးဆုံးရှုံးဖူးကြောင်း ၁၃၁

(ဂ) အရက်သောက်လျှင် အကုသိုလ်ဖြစ်သလော၊
ငရဲသို့ မကျရောက်ဟု မှတ်ရမည်လော ၁၃၂

(ဃ) အရက်သောက်ခြင်း၏ အပြစ် ခြောက်မျိုး ၁၃၃

(င) အရက်သောက်မှု ရှောင်ကြဉ်သောသူ၌
ရရှိသော ကောင်းကျိုး ၃၀ ၁၃၃

၂၂။ (၁၇) အမှတ်၊ ပျက်စီးကြောင်း

(က) လောင်းကစားမှုများလျှင် ပျက်စီးတတ်ပုံ ၁၃၅

(ခ) ကစားသမားသည် ကံသမားလား၊
ဉာဏ်သမားလား ၁၃၆

(ဂ) မိမိပစ္စည်းကို မိမိပင် ဆုတ်ယုတ်စေခြင်း ၁၃၇

(ဃ) (ဟဲ့ကုလားက အယာကြီးဖြစ်ရပုံ) ၁၃၈

၂၃။ (၁၈–၁၉) အမှတ်၊ ပျက်စီးကြောင်း

(က) ပြည့်တန်ဆာမနှင့် သူ့မယားတို့၌
ပျော်ပါးလွန်ကျူးတတ်သူ ပျက်စီးပုံ ၁၄၀

(ခ) တရားဝင်ဇနီးနှင့် ကျင့်ဝတ်မချွတ်
ပေါင်းသင်းသူ၌ ရရှိသောအကျိုးများ ၁၄၀

(ဂ) ဓမ္မပါလ ရွာသူရွာသားများ အသက်
ရာကျော် နေကြရခြင်းအကြောင်း ၁၄၂

(ဃ) သုရုစိမင်းနှင့် သုမေဓာဒေဝီအကြောင်း ၁၄၄


mgyoe.com

mgyoe.com

၂၄။ (၂၀) အမှတ်၊ ပျက်စီးကြောင်း
(က) ယောက်ျားအိုဖြစ်လျက် မိန်းမပျိုကို ယူဆောင်ထိမ်းမြားခြင်း အပြစ်များ ၁၄၅
(ခ) မိန်းမပျိုသည် လူအိုကို မနှစ်သက် ၁၄၆
(ဂ) သာမာနှင့် သူခိုးကြီးအကြောင်း ၁၄၈
(ဃ) မိန်းမပျိုတစ်ဦး ကျိန်ဆိုပုံ ၁၄၉
(င) ဒုန္နိဝိဋ္ဌရွာသူများအမြင် ၁၄၉
၂၅။ (၂၁) အမှတ်၊ ပျက်စီးကြောင်း
(က) အကြီးအကဲ မတင်မြှောက်ထိုက်သူကို တင်မြှောက်မိခြင်း ၁၅၁
(ခ) အိမ်ရှေ့မိဖုရားတစ်ဦးအကြောင်း ၁၅၄
၂၆။ (၂၂) အမှတ်၊ ပျက်စီးခြင်းအကြောင်း
(က) မင်းမျိုးဖြစ်သော်လည်း ဆင်းရဲလျှင် ပြည့်ရှင်မင်း မလုပ်ချင်လေနှင့် ၁၅၇
(ခ) အလိုရမ္မက်ကြီးခြင်းသည် မာရ်နတ်မင်း၏ ကျော့ကွင်းနှင့်တူကြောင်း ၁၅၈
(ဂ) ရသမျှနှင့် ရောင့်ရဲခြင်း၏အကျိုးများ ၁၅၉
(ဃ) ပျက်စီးကြောင်းတို့ကို ဉာဏ်ဖြင့် ကြည့်တတ်သောသူသည် ချမ်းသာပုံ ၁၆၀
၂၇။ (၂၃) ပရာဘဝသုတ္တန်၌ ဘုရားရှင်၏ နိဂုံးဒေသနာတော် ၁၆၂
၂၈။ ပရာဘဝသုတ္တန် မြန်မာဋီကာနိဂုံး ၁၆၅

❖

mgyoe.com

mgyoe.com

# ပရာဘဝသုတ္တန်နိဒါန်း

မင်္ဂလသုတ္တန်ကို မြတ်စွာဘုရားထံတော်မှောက်မှာ ကြားနာကြရပြီးသော နတ်တို့သည် ဤသို့သော အကြံတစ်ရပ် ဖြစ်ပေါ်ကြပြန်သည်။ မြတ်စွာဘုရားသည် မင်္ဂလသုတ္တန် ဒေသနာတော်ဖြင့် သတ္တဝါတို့၏ ချမ်းသာကြီးပွားကြောင်းကိုသာ ဟောကြားညွှန်ပြတော်မူသည်။ ပျက်စီးဆုတ်ယုတ်ကြောင်းတို့ကိုကား မင်္ဂလသုတ္တန်၌ ဟောကြားတော်မမူပေ။ သတ္တဝါတို့သည် ပျက်စီးဆုတ်ယုတ်ကြောင်းများကိုလည်း သိကောင်းသည်ပင် ဖြစ်ပေသည်။

သိသော်မှသာ ရှောင်ကြဉ်နိုင်ကြ၍ ချမ်းသာကြီးပွားရာသည်ဟု အကြံဖြစ်ပေါ်ကြသည်နှင့် ယင်းသို့သော ပျက်စီးဆုတ်ယုတ်ကြောင်းကိုလည်း မြတ်စွာဘုရားအား မေးလျှောက်ကြကုန်အံ့ဟု သဘောတူညီကြကုန်သည်ဖြစ်၍ မင်္ဂလသုတ္တန်ကို ဟောကြားတော်မူသောနေ့မှ နောက်တစ်နေ့၌ စကြဝဠာတိုက်တစ်သောင်းမှ ပရာဘဝသုတ္တန်ကို နာခံမှတ်ယူလိုကြသော နတ်တို့သည် သားမြီးဖျားခန့်

mgyoe.com

mgyoe.com


မျှသော အရပ်ကလေး၌ ၁၀ ယောက်တစ်စု၊ ၂၀ ယောက်တစ်စုမှစ၍ ၇၀၊ ၈၀ တစ်စုအထိ သေးငယ်သိမ်မွေ့သောကိုယ်ကို ဖန်ဆင်းကြ၍ မြတ်စွာဘုရား၏ ပတ်ဝန်းကျင်အရပ်၌ ဝိုင်းရံစောင့်စားကာ နေကြကုန်၏။

ထို့နောက် သိကြားနတ်မင်းက မိမိကိုယ်စား စေလွှတ်လျှောက်ထားစေသော နတ်သားသည် မြတ်စွာဘုရားအနီးသို့ ချဉ်းကပ်၍ သတ္တဝါတို့၏ ပျက်စီးဆုတ်ယုတ်ကြောင်း တရားများကို ဟောကြားမိန့်မြွက်တော်မူပါမည့်အကြောင်း တောင်းပန်ကာ မေးလျှောက်သောကြောင့် နတ်သား မေးလျှောက်တိုင်းသော ပုစ္ဆာ၏အခြားမဲ့၌ မြတ်စွာဘုရားသည် ပရာဘဝသုတ္တန်အဖြေ ဝိသဇ္ဇနာဒေသနာတော်ကို မိန့်ကြားဖြေဆိုတော်မူခြင်းဖြင့် ပရာဘဝသုတ္တန်ဟူ၍ ထင်ရှားပေါ်ပေါက်ဖြစ်ထွန်းခဲ့ပေသတည်း။

အရှင်ပဏ္ဍိတ

mgyoe.com

mgyoe.com

# ပရာဘဝသုတ္တန်ပါဠိတော်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

ဧဝံ မေသုတံ၊ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ၊ အထခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တ ဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ၊ ဧကမန္တံ ဌိတာခေါ သာဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

၁။ ပရာဘဝန္တံ ပုရိသံ၊
မယံ ပုစ္ဆာမ ဂေါတမံ။
ဘဝန္တံ ပုဋ္ဌုမာဂမ္မ၊
ကိံ ပရာဘဝတော မုခံ။

၂။ သုဝိဇာနော ဘဝံ ဟောတိ၊
ဒုဝိဇာနော ပရာဘဝေါ။

mgyoe.com

mgyoe.com


ဓမ္မကာမော ဘဝံဟောတိ၊
ဓမ္မဒေဿီ ပရာဘဝေါ။

၃။ ဣတိ ဟေတံ ဝိဇာနာမ၊
ပထမော သော ပရာဘဝေါ။
ဒုတိယံ ဘဂဝါ ဗြူဟိ၊
ကိံ ပရာဘဝတော မုခံ။

၄။ အသန္တဿ ပိယာ ဟောန္တိ၊
သန္တေ န ကုရုတေ ပိယံ။
အသတံ ဓမ္မံ ရောစေတိ၊
တံ ပရာဘဝတော မုခံ။

၅။ ဣတိ ဟေတံ ဝိဇာနာမ၊
ဒုတိယော သော ပရာဘဝေါ။
တတိယံ ဘဂဝါ ဗြူဟိ၊
ကိံ ပရာဘဝတော မုခံ။

၆။ နိဒ္ဒါသီလီ သဘာသီလီ၊
အနုဋ္ဌာတာ စ ယော နရော။
အလသော ကောပပညာဏော၊
တံ ပရာဘဝတော မုခံ။

၇။ ဣတိ ဟေတံ ဝိဇာနာမ၊
တတိယော သော ပရာဘဝေါ၊
စတုတ္ထံ ဘဂဝါ ဗြူဟိ၊
ကိံ ပရာဘဝတော မုခံ။

၈။ ယော မာတရံ ပိတရံ ဝါ၊
ဇိဏ္ဏကံ ဂတယောဗ္ဗနံ။
ပဟု သန္တော န ဘရတိ၊
တံ ပရာဘဝတော မုခံ။

mgyoe.com

mgyoe.com

၉။ ဣတိ ဟေတံ ဝိဇာနာမ၊
စတုတ္ထော သော ပရာဘဝေါ။
ပဉ္စမံ ဘဂဝါ ဗြူဟိ၊
ကိံ ပရာဘဝတော မုခံ။

၁၀။ ယော ဗြာဟ္မဏံ သမဏံ ဝါ၊
အညံ ဝါပိ ဝဏိဗ္ဗကံ။
မုသာဝါဒေန ဝဉ္စေတိ၊
တံ ပရာဘဝတော မုခံ။

၁၁။ ဣတိ ဟေတံ ဝိဇာနာမ၊
ပဉ္စမော သော ပရာဘဝေါ။
ဆဋ္ဌမံ ဘဂဝါ ဗြူဟိ၊
ကိံ ပရာဘဝတော မုခံ။

၁၂။ ပဟုတဝိတ္တော ပုရိသော၊
သဟိရညော သဘောဇနော၊
ဧကော ဘုဉ္ဇတိ သာဒူနိ၊
တံ ပရာဘဝတော မုခံ။

၁၃။ ဣတိ ဟေတံ ဝိဇာနာမ၊
*ဆဋ္ဌမော သော ပရာဘဝေါ။
သတ္တမံ ဘဂဝါ ဗြူဟိ၊
ကိံ ပရာဘဝတော မုခံ။

၁၄။ ဇာတိထဒ္ဓေါ ဓနထဒ္ဓေါ၊
ဂေါတ္တထဒ္ဓေါ စ ယော နရော၊
သဉာတိံ အတိမညေတိ၊
တံ ပရာဘဝတော မုခံ။

---

* ဆဋ္ဌမော၊ 'မောဂ္ဂလာန်' ဆဋ္ဌမောတိ ဧတ္ထမောတိ ယောဂဝိဘာဂေန မပစ္စယော၊ ဆဋ္ဌမေ ခန္တိပါရမီ၊ 'ရူပသိဒ္ဓိဋီကာ'၊ ဆဋ္ဌမော သော ပရာဘဝေါတိ ဧတ္ထပန ဆဋ္ဌသဒ္ဒတော သကတ္ထေ မကာရာဂမော ဝုတ္တော၊ 'ကစ္စာယနဝဏ္ဏနာ'

mgyoe.com

mgyoe.com

၁၅။ ဣတိ ဟေတံ ဝိဇာနာမ၊
သတ္တမော သော ပရာဘဝေါ။
အဋ္ဌမံ ဘဂဝါ ဗြူဟိ၊
ကိံ ပရာဘဝတော မုခံ။

၁၆။ ဣတ္ထိဓုတ္တော သုရာဓုတ္တော၊
အက္ခဓုတ္တော စ ယော နရော။
လဒ္ဓံ လဒ္ဓံ ဝိနာသေတိ၊
တံ ပရာဘဝတော မုခံ။

၁၇။ ဣတိ ဟေတံ ဝိဇာနာမ၊
အဋ္ဌမော သော ပရာဘဝေါ။
နဝမံ ဘဂဝါ ဗြူဟိ၊
ကိံ ပရာဘဝတော မုခံ။

၁၈။ သေဟိ ဒါရေဟိ သန္တုဋ္ဌော၊
ဝေသိယာသု ပဒုဿတိ။
ဒုဿတိ ပရဒါရေသု၊
တံ ပရာဘဝတော မုခံ။

၁၉။ ဣတိ ဟေတံ ဝိဇာနာမ၊
နဝမော သော ပရာဘဝေါ။
ဒသမံ ဘဂဝါ ဗြူဟိ၊
ကိံ ပရာဘဝတော မုခံ။

၂၀။ အတီတယောဗ္ဗနော ပေါသော၊
အာနေတိ တိမ္ဗရုတ္ထနိံ။
တဿာ ဣဿာ န သုပတိ၊
တံ ပရာဘဝတော မုခံ။

mgyoe.com

mgyoe.com


၂၁။ ဣတိ ဟေတံ ဝိဇာနာမ၊
ဒသမော သော ပရာဘဝေါ။
ဧကာဒသမံ ဘဂဝါ ဗြူဟိ၊
ကိံ ပရာဘဝတော မုခံ။

၂၂။ ဣတ္ထိ သောဏ္ဍိံ ဝိကိရဏိံ၊
ပုရိသံ ဝါပိ တာဒိသံ။
ဣဿရိယသ္မိံ ထပေသိ၊
တံ ပရာဘဝတော မုခံ။

၂၃။ ဣတိ ဟေတံ ဝိဇာနာမ၊
ဧကာဒသမော သော ပရာဘဝေါ။
ဒွါဒသမံ ဘဂဝါ ဗြူဟိ၊
ကိံ ပရာဘဝတော မုခံ။

၂၄။ အပ္ပဘောဂေါ မဟာတဏှော၊
ခတ္တိယေ ဇာယတေ ကုလေ။
သော စ ရဇ္ဇံ ပတ္ထယတိ၊
တံ ပရာဘဝတော မုခံ။

၂၅။ ဧတေ ပရာဘဝေ လောကေ၊
ပဏ္ဍိတော သမဝေက္ခိယ။
အရိယော ဒဿနသမ္ပန္နာ၊
သ လောကံ ဘဇတေ သိဝန္တိ။ ။

ပရာဘဝသုတ္တံနိဋ္ဌိတံ။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ပရာဘဝသုတ္တန် မြန်မာပြန်

(ပထမ သင်္ဂါယနာတင်ရာ၌ အရှင်အာနန္ဒာသည် အရှင်မဟာကဿပအား ဤသို့ လျှောက်ကြားခဲ့၏။)

ဘုရားတပည့်တော်သည် မြတ်စွာဘုရားအထံတော်မှ ဤသို့ ကြားနာမှတ်သားလိုက်ရပါသည်။ အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိမြို့တော် အနာထပိဏ်သူဌေးကြီး ဆောက်လုပ်လှူဒါန်းအပ်သော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူပါသည်။

ထိုအခါ မထင်ရှားသော နတ်သားတစ်ယောက်သည် သန်းခေါင်ယံအချိန်၌ ဇေတဝန်ကျောင်းတော်ကြီးကို မိမိ၏ကိုယ်ရောင်ဖြင့် ထိန်လင်းစေ၍ မြတ်စွာဘုရားသို့ ချဉ်းကပ်လျက် ပါဠိဂါထာဖြင့် လျှောက်ထားသည်မှာ–

**၁–အမေး။** ။ ဂေါတမနွယ်ဖွား မြတ်စွာဘုရား... တပည့်တော်များသည် အရှင်ဘုရား၏ ထံတော်မှောက်သို့ လူတို့၏ ပျက်စီးကြောင်းတရားများကို မေးလျှောက်အံ့သောငှာ ရောက်လာကြပါသည်။ လူတို့၏ ပျက်စီးကြောင်း သဘော

mgyoe.com

mgyoe.com


တရားများအား အဘယ်အရာများ ဖြစ်ပါသနည်း မြတ်စွာဘုရား။

**၂–အဖြေ။** ။ (က) နတ်သား... (ပဋိသန္ဓေထက်သန်၍) သိလွယ်မြင်လွယ်သောသူသည် ကြီးပွားချမ်းသာတတ်သည်။ (ပဋိသန္ဓေဉာဏ် ကင်းဘိ၍) အသိအမြင်မရှိသောသူသည် ဆုတ်ယုတ်ပျက်စီးတတ်ပေသည်။

(ခ) ထို့ပြင်လည်း (လမ်းမှန်) တရားမှန်ကို လိုလားနှစ်သက်သောသူသည် ကြီးပွားချမ်းသာတတ်သည်။ (လမ်းမှန်) တရားမှန်ကို မလိုလား မနှစ်သက်သောသူသည် ပျက်စီးဆုတ်ယုတ်တတ်ပေသည်။

**၃–အမေး။** ။ မြတ်စွာဘုရား မြတ်စွာဘုရား ဖြေဆိုမိန့်ကြားတော်မူသည်ဖြစ်၍ လူတို့၏ ပျက်စီးဆုတ်ယုတ်ကြောင်း ပထမအချက်ကို (ကွက်ကွက်ကွင်းကွင်း တပည့်တော်များ) သိရှိမှတ်သားကြရပါပြီ၊ ဒုတိယမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို (ဆက်လက်) မိန့်ကြားတော်မူပါမည့်အကြောင်း တောင်းပန်လျှောက်ထားပါသည်ဘုရား။

**၄–အဖြေ။** ။ နတ်သား... အကြင်သူသည် သူတော်ကောင်းသဘောတရား မရှိသောသူကို ချစ်ခင်တတ်၏။ သူတော်ကောင်း သဘောတရား ရှိသောသူကိုကား မချစ်ခင်တတ်၊ ရွံမုန်းတတ်၏။ လူယုတ် လူမိုက်တို့၏ ဒုစရိုက် အယုတ်သဘောတရားကိုသာလျှင် နှစ်သက်မြတ်နိုး၍ ကောင်းနိုးနိုး ထင်မှား၏။ ထိုသို့သော သဘောတရားသည် ပျက်စီးဆုတ်ယုတ်ကြောင်းဖြစ်ပေသည်။

**၅–အမေး။** ။ မြတ်စွာဘုရား... ဒုတိယမြောက် ပျက်စီး

---

**မှာထားချက်။** ။ ပထမဂါထာဖြင့် ဖြေဆိုမိန့်ကြားတော်မူသော ပျက်စီးကြောင်း နှစ်မျိုးကို တစ်မျိုးအဖြစ်ဖြင့် ပေါင်းယူ၍ ပထမပျက်စီးကြောင်းဟူ၍ နတ်သားက ကြားနာမှတ်ယူပေသည်။ နောက်နောင်သော အဖြေဂါထာတို့၌လည်း ဤသို့ပင် ကြီးပွားကြောင်း၊ ပျက်စီးကြောင်း တစ်ပါးတစ်ပါးအဖြစ်ဖြင့်သာ မှတ်ယူလေသည်။

mgyoe.com

mgyoe.com


ဆုတ်ယုတ်ကြောင်းကို သိရပါပြီ၊ တတိယမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို ဆက်လက်၍ မိန့်ကြားတော်မူပါဦး မြတ်စွာဘုရား။

**၆–အဖြေ။** ။ နတ်သား... အကြင်သူသည် အအိပ်အနေများ၏၊ ပွဲလမ်းသဘင် လိုက်စားကြည့်ရှုခြင်းများ၏၊ (အချိန်ဖြုန်းတတ်၏)၊ လုံ့လဝီရိယအလွန်နည်း၏၊ ပျင်းရိပေါ့လျော့၏၊ ဒေါသကြီး၏၊ (ထိုသူ၏) သဘောတရားသည် ပျက်စီးဆုတ်ယုတ်ကြောင်း ဖြစ်ပေသည်။

**၇–အမေး။** ။ တတိယမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို သိကြရပါပြီ။ စတုတ္ထမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို ဆက်လက်၍ မိန့်ကြားတော်မူပါဦး မြတ်စွာဘုရား။

**၈–အဖြေ။** ။ နတ်သား... အကြင်သူသည် အသက်အရွယ်အိုမင်းကြပြီဖြစ်သော မိအို၊ ဖအိုတို့ကို ပြုစုလုပ်ကျွေးမွေးမြူစောင့်ရှောက်ခြင်းငှာ စွမ်းဆောင်နိုင်သော အင်အားရှိလျက် မိဘတို့ကို မပြုစု၊ မလုပ်ကျွေး၊ မစောင့်ရှောက်သည်ဖြစ်အံ့၊ (ထိုသူ၏) သဘောတရားသည်လည်း ပျက်စီးဆုတ်ယုတ်ကြောင်း ဖြစ်ပေသည်။

**၉–အမေး။** ။ စတုတ္ထမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကိုလည်း သိမှတ်ကြရပါပြီ။ ပဉ္စမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို ဆက်လက်၍ ဟောကြားတော်မူပါဦး မြတ်စွာဘုရား။

---

ဤစာအုပ်တွင် မြန်မာဘာသာပြန်ရာ၌သာ တစ်ဂါထာ၌ ဟောသော ပျက်စီးကြောင်းတို့ကို စကားတစ်ရပ်အနေဖြင့် စုပေါင်းပြန်ဆိုသော်လည်း အဖွင့်အဓိပ္ပာယ်ရေးရာ၌မူကား ပျက်စီးကြောင်း တစ်မျိုးစီ တစ်မျိုးစီကို ခွဲခြားကာ အမှတ်ဂဏန်းပြ၍ ရေးသားမည် ဖြစ်ပါသည်။

mgyoe.com

mgyoe.com


**၁၀–အဖြေ**။ ။ နတ်သား... အကြင်သူသည် ဗြာဟ္မဏကို လည်းကောင်း၊ ရဟန်းတော်ကောင်းကို လည်းကောင်း၊ ရှေးဘုန်း ရှေးကံ အလွန်နည်းပါး၍ တောင်းရမ်း စားသောက်ရသော သူမျိုးကိုလည်းကောင်း (အလိုရှိသောပစ္စည်းကို တောင်းခံရန် ဖိတ်ကြားထားပြီးနောက် အလှူခံလာသောအခါ မလှူဘဲ) လိမ်လည်လှည့်စားတတ်၏။ (ထိုသူ၏) လိမ်လည်လှည့်စားခြင်း သဘောသည်လည်း ပျက်စီးဆုတ်ယုတ်ကြောင်း ဖြစ်ပေသည်။

**၁၁–အမေး**။ ။ ပဥ္စမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို သိမှတ်ကြရပါပြီ။ ဆဋ္ဌမမြောက် ပျက်စီး ဆုတ်ယုတ်ကြောင်းကို ဆက်လက်၍ ဟောကြားတော်မူပါဦး မြတ်စွာဘုရား။

**၁၂–အဖြေ**။ ။ နတ်သား... အကြင်သူသည် များပြားသော ရွှေ၊ ငွေ၊ ကျောက်သံ၊ ပတ္တမြားလည်း ရှိ၏။ များပြားသော ငွေကြေးပိုက်ဆံလည်းရှိ၏။ စားဖွယ်သောက်ဖွယ် အသွယ်သွယ်တို့လည်း ပြည့်စုံပေါများ၏။ (ယင်းသို့လျှင် ဥစ္စာ ငွေကြေး၊ ဆန်ရေစပါး၊ စားနပ်ရိက္ခာ စသည်တို့ ပြည့်စုံပေါများပါလျက် မိမိ၏သားမယားများကိုသော်လည်း မဝေငှ၊ မပေးမကျွေးဘဲ) မိမိ တစ်ယောက်တည်းသာ စားသောက်သုံးဆောင်လေ့ရှိ၏။ (ထိုသူ၏) တစ်ယောက်တည်းသာ စားသောက်သုံးဆောင်လေ့ရှိသော သဘော တရားသည်လည်း ပျက်စီးဆုတ်ယုတ်ကြောင်း ဖြစ်ပေသည်။

**၁၃–အမေး**။ ။ ဆဋ္ဌမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို သိမှတ်ကြရပါပြီ။ သတ္တမမြောက် ပျက်စီး ဆုတ်ယုတ်ကြောင်းကို ဆက်လက်၍ မိန့်ကြားတော်မူပါဦး မြတ်စွာဘုရား။

**၁၄–အဖြေ**။ ။ နတ်သား... အကြင်သူသည် အမျိုးဂုဏ် မာန် တက်၍ ခက်ထန်သောစိတ်ရှိ၏။ ပစ္စည်း

mgyoe.com

mgyoe.com


မာန်တက်၍လည်း ခက်ထန်သောစိတ်ရှိ၏။ မိဘဘိုးဘွားစသော အဆက်အနွယ် ဂုဏ်မာန်တက်၍လည်း ခက်ထန်သောစိတ် ရှိ၏။ (ဤဂုဏ် ဤမာန်တို့ကြောင့်) မိမိ ဆွေမျိုးဉာတိကိုသော်လည်း မထီမဲ့မြင် မခန့်မညား ပြုတတ်၏။ (ထိုသူ၏) မာန်တက်၍ မထီမဲ့မြင် ပြုခြင်းသဘောသည်လည်း ပျက်စီးဆုတ်ယုတ်ကြောင်းပင် ဖြစ်ပေသည်။

**၁၅–အမေး။** ။ သတ္တမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို သိမှတ်ကြရပါပြီ။ အဋ္ဌမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကိုလည်း ဆက်လက်၍ မိန့်ကြားတော်မူပါဦး မြတ်စွာဘုရား။

**၁၆–အဖြေ။** ။ နတ်သား... အကြင်သူသည် (တဏှာစရိုက်) အားကြီး၍ မိန်းမလိုက်စားမှုများ၏။ ကဲလွန်၏။ အရက်သေစာ အသောက်အစား ကဲလွန်များပြား၏။ ဖဲရိုက်မြင်းလောင်းစသော အလောင်းအကစား လွန်မင်းအားကြီး၏။ (ထိုလူမျိုးသည်) ရှာဖွေ၍ ရသမျှသော ဥစ္စာပစ္စည်းတို့ကို ဖြုန်းတီး ဖျက်ဆီး၏။ (ထိုသူ၏) ဆိုခဲ့ပြီးသော လွန်ကဲခြင်းသုံးမျိုးသည် ပျက်စီးဆုတ်ယုတ်ကြောင်းပင် ဖြစ်ပေသည်။

**၁၇–အမေး။** ။ အဋ္ဌမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို သိမှတ်ကြရပါပြီ။ နဝမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို ဆက်လက်၍ မိန့်ကြားတော်မူပါဦး မြတ်စွာဘုရား။

**၁၈–အဖြေ။** ။ နတ်သား... အကြင်သူသည် မိမိ၏ လက်ရှိမယားတို့နှင့် တင်းတိမ်ရောင့်ရဲခြင်း မရှိပါဘဲ မိန်းမပျက်တို့နှင့် ပျော်ပါးကျူးလွန်၏။ သူတစ်ပါးတို့၏ မယားတို့နှင့်လည်း စည်းဖောက်ကျူးလွန်၏။ (ထိုသူ၏) မိန်းမပျက်တို့နှင့် ကျူးလွန်ပျော်ပါးခြင်း၊ သူတစ်ပါးတို့၏ မယားတို့နှင့် စည်းဖောက်ကျူးလွန်ခြင်း သဘောသည်လည်း ပျက်စီးဆုတ်ယုတ်ကြောင်းပင်

mgyoe.com

mgyoe.com


ဖြစ်ပေသည်။

**၁၉–အမေး**။ ။ နဝမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို သိရှိမှတ်သားကြရပါပြီ။ ဒသမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို ဆက်လက်၍ မိန့်ကြားတော်မူပါဦး မြတ်စွာဘုရား။

**၂၀–အဖြေ**။ ။ နတ်သား... နုနယ်ပျိုမျစ်သော အရွယ်ကို ကျော်နင်း၍ ယိုယွင်းရင့်ရော်သော ယောကျ်ား အိုသည် (တည်သီးကဲ့သို့သော သားမြတ်ရှိ၍ ပျိုမျစ်နုနယ် အရွယ်ငယ်သော) မိန်းမပျိုကို ထိမ်းမြားသိမ်းပိုက်သည်ဖြစ်အံ့။ ထိုအဘိုးအို၏ (ဇနီးငယ်၌ စိတ်မချနိုင်သော ကြောင့်ကြမှု၊ စိုးရိမ်မှု၊ ယောကျ်ား တစ်ပါးတို့၌) ငြူစူခြင်း ဣဿာတရားစုသည် ငြိမ်ဝပ်စွာ ကိန်း အောင်းနေသည် မရှိနိုင်ပေ။ (သို့ဖြစ်၍) သက်ကြီးရွယ်အိုလျက် အပျို အငယ် ဇနီးကို ယူဆောင်ထိမ်းမြားခြင်းသည် ပျက်စီးဆုတ်ယုတ် ကြောင်းပင် ဖြစ်ပေသည်။

**၂၁–အမေး**။ ။ ဒသမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို သိရှိ မှတ်သားကြရပါပြီ။ ဧကာဒသမ မြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို ဆက်လက်မိန့်ကြားတော်မူပါ ဦး မြတ်စွာဘုရား။

**၂၂–အဖြေ**။ ။ နတ်သား... အသောက်အစား၊ အပျော်အပါး လွန်ကျူးအားကြီးသော မိန်းမကိုဖြစ်စေ၊ ယောကျ်ားကိုဖြစ်စေ ထို့ပြင် ပစ္စည်းဥစ္စာတို့ကို စောင့်ရှောက် ထိန်း သိမ်းမှုကို မပြုတတ်။ ပစ်စလက်ခတ် ဖရိုဖရဲထားတတ်သော ယောကျ်ား ကိုဖြစ်စေ၊ မိန်းမကိုဖြစ်စေ (မိမိကိုယ်စား ပစ္စည်းဥစ္စာ ရောင်းရေး ဝယ်တာတို့၌) အကြီးအကဲအဖြစ်ဖြင့် လွှဲအပ်ထားခြင်းသည်လည်း ပျက်စီးဆုတ်ယုတ်ကြောင်းပင် ဖြစ်ပေသည်။

**၂၃–အမေး**။ ။ ဧကာဒသမမြောက် ပျက်စီးဆုတ်ယုတ်

mgyoe.com

mgyoe.com


ကြောင်းကို သိရှိမှတ်သားကြရပါပြီ။ ဒွါဒသမ မြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို ဆက်လက်၍ မိန့်ကြားတော်မူပါဦး မြတ်စွာဘုရား။

**၂၄-အဖြေ။** ။ နတ်သား... အကြင်သူသည် မျိုးရိုးအားဖြင့် မင်းမျိုး၌ဖြစ်၍။ စည်းစိမ်ဥစ္စာမူကား နည်းပါး၏။ ဥစ္စာစည်းစိမ်ကိုလည်း များစွာအလိုရှိ၏။ ဘုရင်မင်းအဖြစ်ကိုလည်း လိုချင်တောင့်တ၏။ ထိုသို့ ပစ္စည်းဥစ္စာနည်းလျက် အလိုရမ္မက်ကြီးခြင်း၊ ဆင်းရဲနွမ်းပါးသော မင်းမျိုး၌ဖြစ်လျက် ဘုရင်မင်းအဖြစ်ကို လိုချင်တောင့်တခြင်းသည် ပျက်စီးဆုတ်ယုတ်ကြောင်းပင် ဖြစ်ပေသည်။

**၂၅-နိဂုံး။** ။ နတ်သား... အသိဉာဏ်ရှိသောသူသည် (ယခု ငါဘုရား) ဟောပြညွှန်ကြားတော်မူခဲ့သော ပျက်စီးဆုတ်ယုတ်ကြောင်း ပရာဘဝ သဘောတရားတို့ကို ဆင်ခြင်၍ သန့်ရှင်းသောဉာဏ် အမြင်နှင့် ပြည့်စုံ၏။ ထိုသူသည် အေးချမ်းသာယာသော နတ်ပြည်သို့လည်းကောင်း၊ အသင်္ခတဓာတ် နိဗ္ဗာန်သို့လည်းကောင်း ရောက်သည်တိုင်အောင် ကြီးပွားချမ်းသာလေတော့သတည်းဟု ဖြေဆိုမိန့်ကြားတော်မူသော ပရာဘဝသုတ္တန်တရားတော်မြတ်ကို မြတ်စွာဘုရားထံတော်မှောက်မှ ကြားနာမှတ်သားလိုက်ရပါသည် အရှင်ဘုရား။ ဤသို့ အရှင်အာနန္ဒာက လျှောက်ထားလေသတည်း။ ။

ပရာဘဝသုတ္တန်-မြန်မာပြန် ပြီး၏။

❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ပရာဘဝသုတ္တန် - မြန်မာဋီကာ

### နိဒါန်း

လူတို့၏ လောကကြီးသည် တစ်စတစ်စဖြင့် လူ့ဝိနည်း၊ လူ့စည်းစိမ်ဖြစ်သော လူ့ကျင့်ဝတ်၊ လူ့စာရိတ္တများ မှေးမှိန်တိမ်ကော အားသေးလာခဲ့သောကြောင့် လူတို့သည်လည်း အကယ်စင်စစ် ကိုယ်စိတ်အစုံ ကုံလုံပြည့်ဝအောင် ချမ်းသာသော လူ့ချမ်းသာတို့မှ တဖြည်းဖြည်း မသိမသာကလေး ဆုတ်ယုတ်ပျောက်ကွယ်လာကြသည်ကို အထိုက်အလျောက် အသိဉာဏ် အမြော်အမြင်နှင့် ဗဟုသုတရှိသူတို့မှသာ ရိပ်စားမိခဲ့ကြလေသည်။

၁၉၁၄–၁၉၁၈ ခုတို့၌ဖြစ်သော ပထမကမ္ဘာစစ်ကြီးအပြီးတွင် ထိုစစ်ဖြစ်ပွားရာ ဥရောပနယ်ပယ်တစ်ခွင်၌ လူ့စည်းစိမ်၊ လူ့စာရိတ္တတို့သည် ခပ်တွင်တွင် ယုတ်လျော့ပျက်စီးခဲ့လေပြီ။ အာရှတိုက်နယ်ပယ်၌ လှိုင်းဂယက် ရိုက်ရုံမျှရိုက်၍ သိသိသာသာကလေး ယုတ်လျော့စပြုလာပေသည်။

၁၉၃၉–၁၉၄၅ ခုနှစ်တို့၌ဖြစ်သော ဒုတိယကမ္ဘာစစ်ကြီးအပြီး

mgyoe.com

mgyoe.com


၌ကား ဥရောပရော၊ အာရှပါ ကမ္ဘာ့စစ်တလင်းစစ်မြေပြင်အဖြစ် ခံကြရသော နိုင်ငံတို့နှင့်တကွ နီးစပ်ရာနိုင်ငံတို့၌ လူ့ကျင့်ဝတ်တရား၊ လူ့ဝိနည်းများသည် ဒလဟော ကျဆင်းကာ ပျက်စီးကြလေတော့သည်။ မြန်မာနိုင်ငံတော်သည်လည်း စစ်တလင်းအဖြစ်နှင့် အပြန်အလှန် နှစ်ကြိမ်နှစ်ဖန် ခံခဲ့ရသောကြောင့် ရှင်ရော လူပါ စာရိတ္တဗလ လျော့ကျ ပျက်ပြားလိုက်သည်မှာ စဉ်းစားသူတိုင်း ဝမ်းနည်းဖွယ်ကြီး အဖြစ်ဖြင့် ဉာဏ်၌ တွေ့ရှိထင်မြင်ကြရလောက်အောင် ရှိပေတော့သည်။ ယနေ့တိုင်အောင်လည်း တန့်ရပ် တိုးတက်ကောင်းမွန်လှသည် မရှိသေးဘဲ ပျက်စီးဆုတ်ယုတ်ဆဲပင် ရှိပေသေးသည်။

ယင်းသို့ ကမ္ဘာနှင့်အဝန်း ပျက်စီးယုတ်လျော့နေသော လူ့ကျင့်ဝတ် သဘောတရားတို့သည် ပြန်လည်တည်တံ့ကောင်းမွန်သော်မှသာလျှင် လူတို့သည် လူ့ချမ်းသာစစ်စစ်ကို ခံစားရပြီးလျှင် စည်ပင်သာယာမှုကို ရရှိကြ၊ တွေ့မြင်ကြရပေမည်။ စာရိတ္တဗလ ပြန်လည်ကောင်းမွန်ရေးသည်လည်း သူတော်ကောင်း ပညာရှိတို့၏ ဩဝါဒ အနုသာသနီ အသွန်အသင် ဉာဏ်အမြင် ကိုယ်သိနီတိတရားများနှင့် ကင်း၍ မဖြစ်နိုင်။ မည်ကဲ့သို့သော ပညာရှိတို့၏ ဉာဏ်အမြင် ကိုယ်သိဆုံးမကြောင်း လမ်းညွှန်နီတိတို့ဖြင့် စာရိတ္တဗလ ကောင်းမွန်တိုးတက်သော ပြန်လည်ထူထောင်ရေးကို ပြုလုပ်ကြရပါအံ့နည်းဟု လူ့လောကကြီးကို လျစ်လျူမရှုနိုင်၊ ကြောင့်ကြမဲ့မနေနိုင်၊ ကိုယ်လွတ်မရုန်းနိုင်ကြသော ရန်ကုန်မြို့ (ဝိုင်–အမ်–ဘီ–အေ) အသင်း ဝန်ဆောင် လူကြီးများသည် စုရုံးစည်းဝေးကြ၍ အကြံဉာဏ်ဓားများကို သတိဝီရိယအားဖြင့် သွေးကြရာ အားရဖွယ်ကောင်း အကြံကောင်းကို ရရှိကြပေတော့သည်။

ထိုအကြံမှာကား လူတို့၏ ကိုယ်ကျင့်စာရိတ္တ ကောင်းစေ၍ ကြီးပွားချမ်းသာစေနိုင်သော မင်္ဂလသုတ္တန်ဟူ၍ ထင်ရှားသော နီတိတရားကြီးကို ကြံဆ စမ်းသပ်မိကြခြင်း ဖြစ်ပေသည်။ စမ်းသပ်မိ

mgyoe.com

mgyoe.com


သည်အားလျော်စွာ ကြီးပွားချမ်းသာကြောင်း မင်္ဂလာနိတိတရား လူတိုင်းမှာ လိုက်နာတည်ရှိကြစေရန် မင်္ဂလာအဖွဲ့ မင်္ဂလသုတ်စာမေးပွဲများ ပြုလုပ်ချီးမြှောက်အားပေးသည်သာမက ဆိုင်ရာစပ်ရာ မင်္ဂလာနီတိတို့နှင့် ပြည့်စုံညီညွတ်သော လူငယ်လူလတ်တို့ကိုလည်း ဆုတံဆိပ် လက်မှတ်စသည်တို့ဖြင့် တစ်ဆင့်တက်ကာ ချီးမြှောက်အားပေးကြပြန်၏။ အားပေးချီးမြှောက်သလောက်လည်း ထက်အောက် မြန်မာနိုင်ငံတော်အဝန်း၌ မင်္ဂလာနိတိပန်းသည် အတော်ပင် လန်းဆန်းဖူးပွင့်လျက် ရှိချေပြီ။

ကျစွာမင်းလက်ထက် ပုဂံခေတ်၌ အမျိုးကောင်းသမီးမိန်းကလေးများပင်လျှင် သဒ္ဒါ၊ ပရမတ် စသော စာပေကျမ်းဂန်တို့ကို အလေ့အလာ၊ အတတ်အသိများ၍ ထင်းခွေရင်း၊ ရေခပ်ရင်း၊ ဗိုင်းငင်ရင်း စကားပြောကြ၊ ဆွေးနွေးကြသကဲ့သို့ ယခုအခါ၌လည်း အချို့အချို့ မြို့ရွာရပ်ကွက်တို့၌ အမျိုးကောင်း သမီးငယ်တို့ပင်လျှင် မင်္ဂလသုတ်စကား ချမ်းသာကြီးပွားကြောင်း လူ့ကျင့်ဝတ်တရားများကို ပြောဆိုဆွေးနွေးလျက်ပင် ရှိကြလေသည်။

ဤမျှလောက် စာရိတ္တဗလဘက်က ပြန်လည်တိုးတက်ကောင်းမွန်လာကာမျှနှင့် ကျေနပ်အားရခြင်း၊ တာဝန်လက်လွတ်နေခြင်းကို မဖြစ်စေလိုသေးဘဲ တိုးတက်၍ ဆောင်ရွက်လိုကြသော (ဗိုင်–အမ်–ဘီ–အေ) ဝန်ဆောင်လူကြီးများသည် ကောင်းနိုးရာရာ သုတ္တန်များကို မြန်မာဘာသာပြန်စေခြင်း၊ သံယုတ္တ၊ အင်္ဂုတ္တရ၊ မဇ္ဈိမ၊ ဒီဃ အချို့သော ခုဒ္ဒကနိကာယ်များကို ဘာသာပြန်ဆိုစေခြင်း၊ (ဤနိဒါန်းကို ရေးပြီးမှ ဘာသာပြန်ကိစ္စကို ဗိုင်–အမ်–ဘီ–အေက အစိုးရသို့ လွှဲအပ်လိုက်သည်ဟု ကြားသိလိုက်ရသည်) အဓိပ္ပာယ်အဖွင့်ရေးခြင်း စသည်တို့ကိုလည်း ထိုထိုလူပညာရှိ ရဟန်းပညာရှိတို့အား တောင်းပန်တိုက်တွန်း၍ စာအုပ်အဖြစ်သို့ ရောက်စေပြီးလျှင် တန်ဖိုးအနည်းငယ်ဖြင့် တိုင်းပြည်သို့ဖြန့်ဖြူး၍ 'စာရိတ္တဗလ' လူ့ကျင့်ဝတ်ကောင်းမွန်ရေးကို

mgyoe.com

mgyoe.com


ဆောင်ရွက်ကြဆဲပင် ဖြစ်လေသည်။

ထိုသို့ ဆောင်ရွက်ဆဲ လူ့လောကပြုပြင်ရေးတွင် ပရာဘဝ သုတ္တန်သည် မင်္ဂလသုတ်ကို ဟောတော်မူပြီး နောက်တစ်နေ့၌ ဟောကြားဖြေဆိုသော နီတိဒေသနာတစ်ရပ်ဖြစ်၍ ပျက်စီးကြောင်း ပရာဘဝ သဘောတရားများကို လူတို့ သိရှိကြလျှင် ပျက်စီးကြောင်းဖြစ်၍ မလိုလား မနှစ်သက်ဘဲ ရှောင်ကြဉ်ကြပေလိမ့်မည်။ ပျက်စီးဆုတ်ယုတ်ကြောင်းတို့ကို ရှောင်ကြဉ်ပါကလည်း ကြီးပွားကြောင်းမင်္ဂလာ၊ ကောင်းမွန်သော စာရိတ္တဘက်သို့ သက်ဝင်ကူးပြောင်းကြသောအားဖြင့် လူ့လောကကြီးသည် သာယာအေးချမ်း၍ လူတိုင်းလူတိုင်း ကိုယ်ရော စိတ်ပါ လူ့ချမ်းသာကို အပြည့်အစုံ ရရှိကြပေရာသည်ဟု ဆက်လက် ကြံစည် တွေ့မြင်ကြသည်နှင့် ပရာဘဝသုတ္တန်ကိုလည်း မင်္ဂလသုတ္တန်ကဲ့သို့ အဓိပ္ပာယ်အဖွင့် ရေးသားခြင်းဖြင့် လူ့လောကကြီး၏ စာရိတ္တကောင်းမွန်ရေးကို အားပေးပါရန် တိုက်တွန်းလျှောက်ထားကြသောကြောင့် 'ပရာဘဝသုတ္တန်မြန်မာဋီကာ' ကို ဖြစ်ပေါ်စေခဲ့ရပေသည်။

ယံ ပရေ သုခတော အာဟု၊
တဒရိယာ အာဟု ဒုက္ခတော။
ယံ ပရေ ဒုက္ခတော အာဟု၊
တဒရိယာ သုခတော ဝိဒူ။

ပုထုဇဉ်တို့က (အဝိဇ္ဇာမကင်းကြ၍) ချမ်းသာဟု ထင်မှတ်ပြောဆိုကြသည်ကို (အဝိဇ္ဇာကင်းသော) အရိယာသူတော်ကောင်းတို့က ဉာဏ်မှန်ဖြင့် ဒုက္ခဟူ၍ သိမြင်ပြောဆိုကြကုန်၏။

ပုထုဇဉ်တို့က ဆင်းရဲဒုက္ခဟူ၍ ထင်မြင်ပြောဆိုကြသည်ကိုကား အရိယာသူတော်ကောင်းတို့က ချမ်းသာအစစ်ဟူ၍ ပြောဆိုကြကုန်၏။

မိမိတို့သည် ပုထုဇဉ်ဖြစ်သော်ကောဟု ဆင်ခြင်ဉာဏ်ကင်းမဲ့

mgyoe.com

၍ ဆင်ခြင်စိစစ်တတ်သော ဝိစာရညာဏ်ကို အသုံးမပြုဘဲ ပျက်စီးဆုတ်ယုတ်ကြောင်းကို ကြီးပွားကြောင်းအနေဖြင့် မထင်မှတ်ကြမူ၍ ကြီးပွားချမ်းသာကြောင်းကိုလည်း ပျက်စီးဆုတ်ယုတ်ကြောင်းအနေဖြင့် ညာဏ်မြင်လွဲကာ မစွဲလမ်း မယူဆကြမူ၍ မင်္ဂလာတရား၊ နီတိစကားများကို ကြီးပွားချမ်းသာကြောင်းအစစ်ဟု တထစ်ချ မှတ်ယူလိုက်နာလျက် ပျက်စီးကြောင်း ပရာဘဝသဘောတရားများကို ပျက်စီးဆုတ်ယုတ်ကြောင်းသာလျှင် အမှန်ဖြစ်ပေသည်ဟု ညာဏ်နှင့်ဆင်ခြင်ကာ ရှောင်ရှားကြ၍ လူ့လောကကြီးအတွင်း၌ လူ့ချမ်းသာစစ်ကို အပြည့်အစုံ ခံစားနိုင်ကြစေသတည်း။

အရှင်ပဏ္ဍိတထေရ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ပရာဘဝသုတ္တန်-မြန်မာဋီကာ

### ကျမ်းဦး

ဘဝံ ဘဝံ ဝိဘာဇကံ၊
သုဇနံ သုဇနံ ဇနံ။
ဖလံ ဖလံ ကတံ ကတံ၊
စက္ခုမံ သာဒရံ နမေ။

ဘဝံ ဘဝံ– ကြီးပွားကြောင်း ပျက်စီးကြောင်း သဘောတရားကို၊ ဝိဘာဇကံ– ဝေဖန်ခွဲခြားတော်မူတတ်သော၊ သုဇနံ– သူတော်ကောင်းဖြစ်သော၊ ဇနံ– လူအပေါင်းကိုလည်းကောင်း၊ အသုဇနံ– သူယုတ်မာဖြစ်သော၊ ဇနံ– လူအပေါင်းကိုလည်းကောင်း၊ ဝိဘာဇကံ– ဝေဖန်ခွဲခြမ်းတော်မူတတ်သော၊ ကတံ– ပြုသင့်သော၊ ဖလံ– အကျိုးရှိသော အမှုကိုလည်းကောင်း၊ အကတံ– မပြုသင့်သော၊ အဖလံ– အကျိုးမရှိသောအမှုကိုလည်းကောင်း၊ ဝိဘာဇကံ– ဝေဖန်ခွဲခြားတော်မူတတ်သော၊ စက္ခုမံ– ဗုဒ္ဓစက္ခုရှိတော်မူသော မြတ်စွာဘုရားကို၊

mgyoe.com

mgyoe.com


အဟံ– ငါသည်၊ သာဒရံ– ရိုသေစွာ၊ နမေ– ဦးညွတ်လျှိုး၍ ရှိခိုးပါသတည်း။

ကြီးပွားချမ်းသာနေဆဲဖြစ်ကြသော လူတို့သည် ကြီးပွားရေး ကြီးပွားကြောင်းတို့ကိုသာလျှင် ဉာဏ်မျက်စိဖြင့် သိကြ မြင်ကြသည် မဟုတ်။ ကြီးပွားရေး ကြီးပွားကြောင်း၏ ဆန့်ကျင်ဘက် ပျက်စီး ဆုတ်ယုတ်ရေး ပျက်စီးဆုတ်ယုတ်ကြောင်းတို့ကိုလည်း တွေ့မြင်တတ်ကြကုန်၏။ ဤစကားသည် မှန်၏။ ပျက်စီးကြောင်းကို တွေ့မြင် သိရှိပြီးနောက် ပျက်စီးကြောင်းလမ်းသို့ မလိုက်မပါဘဲ ကြီးပွားရေး ကြီးပွားကြောင်းလမ်းဘက်သို့ အလိုက်မှန်ကန်ကြသောကြောင့်သာ ကြီးပွားချမ်းသာသူအဖြစ်သို့ ရောက်ကြကုန်၏။ သို့ဖြစ်ရာ လူတို့၏ ပျက်စီးဆုတ်ယုတ်ကြောင်းများကို လူတို့သည် ကြိုတင်၍ သိရှိတွေ့မြင်ထိုက်ကြပေသည်။

စီးပွားဥစ္စာ ရှာဖွေသော လူတစ်ယောက်သည် မည်သည့်အလုပ် အကိုင် အရောင်းအဝယ်ကို ပြုလုပ်လျှင် မည်ကဲ့သို့သော ပျက်စီးဆုံးရှုံးကြောင်း ဘေးအန္တရာယ် အနှောင့်အယှက်ရှိသည်၊ အမြတ်အစွန်း ရရှိရေး စီးပွားဥစ္စာဖြစ်ထွန်းရေး၌ မည်မျှချို့ယွင်းချက်တွေ့ရှိသည်၊ ကြီးပွားချမ်းသာခွင့် မရှိနိုင်၊ အလောင်းအစား အပျော်အပါး လိုက်စားတတ်သောသူနှင့် ပူးပေါင်းရောင်းဝယ်လျှင်လည်း ကြီးပွားချမ်းသာမှု မရှိနိုင် စသည်ဖြင့် ဆိုင်ရာအလုပ်အကိုင်အရောင်းအဝယ်နှင့် စပ်၍ ပျက်စီးဆုတ်ယုတ်ကြောင်းများကို ကြိုတင်ကာ ဆင်ခြင်သိမြင်ပြီးဖြစ်သောကြောင့် အလုပ်သစ် အကိုင်သစ်ဖြင့် စီးပွားဥစ္စာရှာမှီးရာ၌ ကြီးပွားတိုးတက်ချမ်းသာခြင်းကို ရရှိသော်သာ ရရှိရာသည်။ ပျက်စီး ဆုတ်ယုတ်ခြင်း ရှိနိုင်တော့မည် မဟုတ်ပေ။ အဘယ့်ကြောင့်နည်း၊ ပျက်စီးဆုတ်ယုတ်ကြောင်းကို ကြိုတင်သိရှိတွေ့မြင်ပြီးဖြစ်၍ ထိုလမ်းကို ရှောင်လွှဲခဲ့သောကြောင့်ဖြစ်ပေသည်။

သို့ဖြစ်သောကြောင့် ကမ္ဘာလောက၌ တည်နေကြကုန်သော

mgyoe.com

mgyoe.com


လူဟူသမျှတို့သည် ကြီးပွားချမ်းသာရေးကို လူတိုင်းလူတိုင်း အလိုရှိကြသည့်အလျောက် ကြီးပွားရေး ကြီးပွားကြောင်းကိုချည်းသာ မကြည့်ကြသေးဘဲ ကြီးပွားရေး၏ ဆန့်ကျင်ဘက် ပျက်စီးဆုတ်ယုတ်ကြောင်းကိုလည်း ဆင်ခြင်ကြည့်ရှုကာ ရှောင်ရှားကျော်လွှန်နိုင်မှသာလျှင် ကြီးပွားချမ်းသာမှုကို ရရှိပေမည်ဟူသော သတိရှေ့သွား နှလုံးသားဖြင့် ပရာဘဝသုတ္တန်–မြန်မာဘာသာပြန်နှင့်တကွ မြန်မာဘာသာသက်သက် အဓိပ္ပာယ်ဖွင့်ဆို၍ မြန်မာစာဖတ်တတ်သူတိုင်း နားလည်လောက်အောင် တတ်နိုင်သမျှ ပေါ်ပေါ်လွင်လွင် မကျဉ်းမကျယ် ရေးသားမည် ဖြစ်သည်။

ကြီးပွားချမ်းသာခြင်းကို လိုလားတောင့်တကြသော သူတို့သည် ဤပရာဘဝသုတ္တန်ကို အဖန်ဖန်ကြည့်ရှုမှတ်သား၍ ပျက်ပြားဆုတ်ယုတ်ကြောင်းတို့ကို မိမိသန္တာန်၌ မကိန်းအောင်းစေဘဲ ကောင်းကောင်းကြီး မောင်းနှင်ပယ်ထုတ်နိုင်သောအားဖြင့် ယခုပစ္စုပ္ပန်ဘဝ၊ ယခုနေ့ရက်ကစ၍ လက်ငင်းကြီးပွားချမ်းသာကြပါစေ–ဟူသော 'မနောပဏိဓိ' စိတ်ဖြတ်ရှိသည်အားလျော်စွာ ဤစာကို ဖတ်ရှုကြားနာရသောသူတို့က လိုက်နာကြပါလျှင် ဤစာကို ရေးသားရကျိုး၊ အချိန်ကုန်ရကျိုး ရှိပေပြီဟု အားရကျေနပ်ရပေတော့မည်။

❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ပရာဘဝသုတ္တန် - မြန်မာဋီကာ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

လူ့ကမ္ဘာ လူ့လောကဌ် လူတို့၏ ပျက်စီးရာ ပျက်စီးကြောင်း ပရာဘဝသဘောတရားတို့သည် ပကတိအားဖြင့် ရှိနေကြသော်လည်း ပရာဘဝ သဘောတရား အကုန်အစင်ကို အကျန်အကြွင်း မရှိသည် တိုင်အောင် မမြင်နိုင်၊ မသိနိုင်ကြပေ။ အတန်အရာ ပဋိသန္ဓေ ဉာဏ် အမြင်ရှိ၍ ဆင်ခြင်မိကြစေကာမူ အမှန်အမှား ခွဲခြားပြတ်သားစွာ သိနိုင်ကြမည်မဟုတ်ပေ။ ရံခါ မောဟအမှောင်ဓာတ် အပိတ်အဆို့ ပါးလွှာသည့်အခါ အချို့အချို့ သဘောမှန်ကို သိမြင်စေကာမူ ရံခါ မောဟအမှောင်ဓာတ် ထူထပ်စွာ ပိတ်ဖုံးသည့်အချိန်၌ အမှန်ကို အမှား၊ အမှားကို အမှန်ဟူ၍ ထင်မှတ်စွဲယူတတ်ကြလေသည်။ ထို့ ကြောင့် ရံခါ လမ်းမှန်တွေ့၍ ရံခါ လမ်းမှားသို့ ရောက်တတ်၊ လိုက် တတ်ကြသည်ဟု–

ကေဒါ ယာတိ မဂ္ဂေန၊ ကုမဂ္ဂေနာ ပိ ကေဒါ–

mgyoe.com

mgyoe.com


ကို ပုထုဇဉ်များအား ရည်ညွှန်း၍ ဗုဒ္ဓမြတ်စွာ မိန့်ဆိုတော်မူခဲ့သည်။ သို့ကြောင့်လည်း ပညာရှိများသည် မိမိတို့ ဉာဏ်မြင်သလောက် နီတိခေါ်သော ဩဝါဒကထာများကို အသီးသီး တစ်စိတ်တစ်ဒေသ စီရင်ရေးသားခဲ့သော နီတိကျမ်းများ ရှိတန်သမျှ ရှိခဲ့ပေသည်။

ဗုဒ္ဓမြတ်စွာဘုရားသည်ကား အလုံးစုံသော ဉေယျဓမ္မကို သိတော်မူလိုပါက သိခြင်းငှာ စွမ်းနိုင်သော သဗ္ဗညုတဉာဏ်တော်နှင့်တကွ ဒသဗလဉာဏ်တော်တို့ကို ကိုယ်ပိုင်ရရှိတော်မူသော ဗုဒ္ဓဖြစ်၍ လူတို့၏ ပျက်စီးရာ ပျက်စီးကြောင်းတို့ကိုလည်း အကုန်အစင် အကြွင်းမကျန်မရှိ မှန်ကန်တိကျစွာ သိမြင်တော်မူပေသည်။ ဤစကားမှန်၏။ သာရိပုတ္တ... ငါဘုရားသည် ငရဲကိုလည်း သိတော်မူသည်၊ ငရဲသို့ ရောက်ကြောင်းလမ်းကိုလည်း သိတော်မူသည်၊ ငရဲသို့ ရောက်စေတတ်သော အလုပ်ကိုလည်း သိတော်မူသည်၊ ဤသို့ပြုကျင့်က သေလျှင် ငရဲသို့ရောက်၏၊ ထိုသို့သောလမ်းကြောင်းအကျင့်ကို ငါဘုရား သိတော်မူသည် စသည်ဖြင့် မဟာသီဟနာဒ– သုတ္တန်၌ ရဲရဲတင်းတင်း မိန့်မြွက်တော်မူခဲ့ဖူးပြီ။

ပရာဘဝသုတ္တန်ကို ဟောကြားရန် လျှောက်ထားသော နတ်သားသည်လည်း ကြီးပွားကြောင်း မင်္ဂလာစစ် မင်္ဂလာမှန်ကို ဗုဒ္ဓဘုရားမှသာ ပြတ်သားရှင်းလင်းစွာ ကုန်စင်အောင် သိတော်မူသကဲ့သို့ ထို့အတူ ပျက်စီးကြောင်း ပရာဘဝသဘောတရားကိုလည်း ဗုဒ္ဓဘုရားရှင်မှသာ ထင်လင်းသေချာ ကွင်းရာမရှိ သိတော်၊ မြင်တော် မူနိုင်ပေမည်ဟု ယုံကြည်ကိုးစား၍ လျှောက်ထားခြင်း ဖြစ်မည်ကား မလွဲတန်ရာ။

ယင်းသို့သော မနသိကာရဖြင့် နတ်သားလျှောက်ထားပုံ၊ မြတ်စွာဘုရား မိန့်ကြားဖြေဆိုတော်မူပုံတို့မှာ မင်္ဂလသုတ္တန်၌ကဲ့သို့ နတ်သားက တစ်ကြိမ်သာ မေးလျှောက်သည်မဟုတ်၊ မြတ်စွာဘုရားကလည်း တစ်ကြိမ်သာ မေးလျှောက်လျှင်ပင် တောက်လျှောက် ဖြေဆိုဟောကြားတော်မူမည် မဟုတ်ပေ။ ပရာဘဝ သဘောတရားတစ်မျိုး

mgyoe.com

mgyoe.com


ဖြေဆိုပြီးလျှင် တစ်ဖန်မေးလျှောက်၍ တစ်ဖန် ဖြေဆိုတော်မူရာ အမေးအဖြေ သဘောသက်ရောက်သော သုတ္တန်ဒေသနာတော် ဖြစ်လေသည်။ ရှေးဦးအစ၌ ဖော်ပြထားပြီးသော ပါဠိတော်နှင့် မြန်မာပြန်ကို ကြည့်ရှုကြလျှင်ပင် သိနိုင်ကြပေပြီ။ အဓိပ္ပာယ်အဖွင့်ကို ရေးသားအပ်သော ဤအခန်း၌ကား မြတ်စွာဘုရား ဖြေဆိုတော်မူအပ်သော ပရာဘဝသဘောတရားများကိုသာလျှင် ဖွင့်ဆိုရေးသားမည်ဖြစ်သည်။

## (၁) သုဝိဇာနော ဘဝံ ဟောတိ

သိလွယ်၊ တတ်မြောက်လွယ်သော ပဋိသန္ဓေဉာဏ်ရှိသောသူသည် ကြီးပွားချမ်းသာတတ်သည်။

## (၁) ဒုဗ္ဗိဇာနော ပရာဘဝေါ

အသိအလိမ္မာစာတ်ခံ (ပဋိသန္ဓေ) ဉာဏ်မရှိသောသူသည် ပျက်စီးဆုတ်ယုတ်တတ်သည်ဟု ပြောဆိုတော်မူသည်မှာ နတ်သားက ပျက်စီးကြောင်းမျှကိုသာ မေးလျှောက်သော်လည်း ပျက်စီးကြောင်းမှ အပြန်အားဖြင့် ကြီးပွားကြောင်း ဖြစ်တော့သည်ဟု သိစေတော်မူလို၍ သုဝိဇာနောဘဝံဟောတိဟူသော ကြီးပွားကြောင်းကိုလည်း ထည့်သွင်း၍ ဖြေဆိုတော်မူသည်။ နောက်၌ ဆိုလတ္တံ့သော ပရာဘဝ သဘောတရားတို့၌လည်း ဤသို့ပင် အပြန်အလှန်ယူလျှင် ကြီးပွားကြောင်းဖြစ်သည်ကို မှတ်သားကြရမည်။

ပဋိသန္ဓေဉာဏ်ရှိသော သူသည်သာလျှင် ကြီးပွားချမ်းသာသည်၊ ပဋိသန္ဓေဉာဏ်ကင်းမဲ့သော သူသည် အဘယ်ကြောင့် ပျက်စီးဆုတ်ယုတ်သနည်း။ ပဋိသန္ဓေဉာဏ်သည် အရင်းခံပဓာနဖြစ်သောကြောင့်တည်း။

ဆက်လက်၍ ဆိုဦးမည်၊ အဘိဓမ္မာသဘောအရ လူသတ္တဝါတစ်ဦးတစ်ယောက်သည် အမိဝမ်းတိုက်၌ ပဋိသန္ဓေတည်နေသော

mgyoe.com

mgyoe.com


အခါ အစဦးဆုံးဖြစ်သော စိတ်ကို ပဋိသန္ဓေစိတ်ဟု ဆိုသည်။ ထို ပဋိသန္ဓေစိတ်သည်–

၁။ ဉာဏ်နှင့် အတူတကွယှဉ်တွဲ၍ဖြစ်သော ပဋိသန္ဓေစိတ်၊

၂။ ဉာဏ်နှင့် မယှဉ်မတွဲ ဉာဏ်ကင်းမဲ့၍ ဉာဏ်မပါဘဲဖြစ်သော ပဋိသန္ဓေစိတ်–

ဟူ၍ နှစ်မျိုးရှိ၏။ ဤနှစ်မျိုးတို့တွင်–

၁။ ဉာဏ်နှင့်ယှဉ်တွဲ၍ ဉာဏ်နှင့် အတူတကွဖြစ်သော သန္ဓေစိတ်ကို တိဟိတ်ပဋိသန္ဓေစိတ်ဟု ခေါ်သည်။ အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ် ဤသုံးပါးကို တိဟိတ်ခေါ်သည်။ ဟိတ်သုံးပါး ပြည့်စုံစွာယှဉ်သော ပဋိသန္ဓေစိတ်ကို တိဟိတ်ပဋိသန္ဓေစိတ်၊ တိဟိတ်ပဋိသန္ဓေ တည်နေခဲ့သူကို တိဟိတ်ပုဂ္ဂိုလ် ဆိုသည်။

၂။ အမောဟဟိတ် မပါဘဲ ကျန်ဟိတ်နှစ်ပါးနှင့်သာ ယှဉ်သော ပဋိသန္ဓေစိတ်ကို ဒွိဟိတ်ပဋိသန္ဓေဆိုသည်။

[အမောဟ၊ ဝိဇ္ဇာ၊ ပညာ၊ ဉာဏတို့သည် ဉာဏ်ဟောသော သဒ္ဒါတို့တည်း။]

တိဟိတ်ပဋိသန္ဓေစိတ်နှင့် ပဋိသန္ဓေ တည်နေခဲ့သောသူသည် အသိဉာဏ်ရှိသောလူ၊ သွက်လက်ပါးလျား နားလည်လွယ် တတ်မြောက်လွယ်သော လူတော်တစ်ယောက်အဖြစ်သို့ ရောက်တတ်သည်။ ပဋိသန္ဓေစာတ်ခံ အသိဉာဏ်ပါရှိမှသာလျှင် ကြီးမြင့်လာသည့်အခါ လောကီရေးနှင့်သက်ဆိုင်သော သိပ္ပပညာ၊ လောကုတ္တရာရေးနှင့် သက်ဆိုင်သော ဝိဇ္ဇာပညာများကို သင်ကြားလေ့လာဆည်းပူးရာ၌ လျင်မြန်ထက်မြက်၍ လွယ်ကူစွာ တတ်မြောက်နိုင်သည်။ သုတ–သိပ္ပ ဝိဇ္ဇာ ပညာမျိုးတို့၌ လွယ်ကူလျင်မြန်စွာ တတ်မြောက်အောင်မြင်သော်မှလည်း လောကီရေး၊ လောကုတ္တရာရေးတို့၌ လိုအပ်သော အကျိုးပြီးစီး၍ ကြီးပွားချမ်းသာနိုင်ကြလေသည်။

mgyoe.com

mgyoe.com


သင်ကြားပြသအပ်သော သိပ္ပဝိဇ္ဇာတို့၌ ပဋိသန္ဓေဉာဏ်မပါသောကြောင့် ကျွမ်းကျင်တတ်မြောက်ခြင်းမရှိသော လူတို့ကို အသင်တို့သည် သတိမူပါလျှင် လွယ်လွယ်နှင့် အများအပြား တွေ့မြင်နိုင်ကြပေလိမ့်မည်။ လောကကြီးပွားရေး၌ ဖြစ်စေ၊ လောကုတ္တရာကြီးပွားရေး၌ဖြစ်စေ ဆရာသမားတို့က သင်ကြားပြသသောအခါ၌သော်လည်းကောင်း၊ မိမိ အလိုအလျောက် ဆည်းပူးလေ့လာသောအခါ၌သော်လည်းကောင်း ပင်ရင်းဓာတ်ခံ ပဋိသန္ဓေဉာဏ်ပါရှိသောသူတို့သည် လျင်မြန်လွယ်ကူစွာ သိရှိနားလည်ကြ၏။ ထိုလူမျိုးသည် မိမိလေ့လာသင်ကြားသော သိပ္ပဘက်ဆိုင်ရာတွင် အကြီးအမှူး ဦးစီးနာယကဖြစ်၍ ကြီးပွားချမ်းသာကြပေသည်။ ပင်ရင်းဓာတ်ခံ အသိဉာဏ်ကင်းမဲ့သော ဒုဗ္ဗိဇာနပုဂ္ဂိုလ်တို့သည်ကား နောက်လိုက်ငယ်သားဘဝက မတက်နိုင်ကြဘဲ ပင်ပန်းဆင်းရဲခြင်းနှင့်သာ ဇာတ်သိမ်းကြရလေသည်။

ကြီးပြင်းမှ သင်ကြားတတ်မြောက်ရသော ပညာမျိုးမှာ ပညာဟု ဆိုရသော်လည်း ပဋိသန္ဓေပညာကို အမှီပြု အကြောင်းခံ၍ မှတ်သား ဆည်းပူးတတ်မြောက်ရသော သုတပညာမျှသာဖြစ်သည်။ ပဝတ္တိအခါ ကြီးပြင်းမှ တစ်စုံတစ်ခုသော သုတသိပ္ပကို လေ့လာခြင်းဖြင့် ပဋိသန္ဓေမှစ၍ အဆက်ဆက် ဖြစ်ပေါ်နေသော ဉာဏ်သည် သန်မာထွားကျိုင်းအားကြီးစွာ ပွင့်လင်းရင့်သန် ကြီးမားသောအဖြစ်သို့ ရောက်၍ လူသည် အလေ့အလာနည်းလျှင် နည်းသလို၊ အလေ့အလာမရှိလျှင်လည်း မရှိသလို ထိုဉာဏ်သည် သန်မာထက်မြက် ပွင့်လင်းခြင်းသို့မရောက်ဘဲ အားနည်းမှေးမှိန်တတ်ပေသည်။ ပညာ– ပညာဉာဏ်သည်၊ အဘာဝိတာ မလာ– ပွားများလေ့လာမှု မပြုခြင်းပင်လျှင် အညစ်အကြေးရှိ၏။

ဉာဏ်ဆိုသောပညာကို လေ့လာပွားများခြင်းဖြင့် ပွင့်လင်းသန်မာအားကြီးအောင် ပြုပြင်နိုင်သည်ဆိုသော်လည်း ထိုဉာဏ်သည်

mgyoe.com

mgyoe.com


ပဋိသန္ဓေကစ၍ ပါရှိခဲ့ပါမှ လေ့လာခြင်းဖြင့် ကြီးမားစေနိုင်သည်။ ပဋိသန္ဓေယှဉ်တွဲ၍ မပါခဲ့ပါမူ ကြိုးပြင်းမှု ဉာဏ်ကို ရရှိအောင် ပြုပြင်၍ မဖြစ်နိုင်တော့ချေ။ ပဋိသန္ဓေပညာဉာဏ်ရှိကြသူတို့သည်လည်း တစ်ဦးနှင့်တစ်ဦးသည် မတူညီကြ။ ဉာဏ်အနုအရင့် အနုံ့အထက်သို့ လိုက်၍ ကွဲပြားကြသေးသည်။ သို့ဖြစ်၍ ဉာဏ်နုဉာဏ်ရင့် ဉာဏ်နုံ့ ဉာဏ်ထက် ရှိကြသည်အလျောက် တစ်ခုတည်းသော သိပ္ပပညာ–ဝိဇ္ဇာပညာတို့၌သော်လည်း အောက်အထက်အားဖြင့် ကြီးပွားချမ်းသာရေး အဆင့်အတန်း ထူးခြားကြပြန်သည်။ တိဟိတ်ပဋိသန် ပင်ကို ဉာဏ်ရှိကြသူတို့ပင်သော်လည်း မိမိ မရောက်ဖူး၊ မသွားဖူးသေးသော ခရီးလမ်းကြောင်း၊ သဘောတရားလမ်းကြောင်း၊ နတ်ရွာနိဗ္ဗာန်လမ်းကြောင်းတို့ကို သွားကြရာ၌ အမှန်ကို သိရှိပြီးသူ လမ်းညွှန်ကင်း၍ ရော်ရမ်းမှန်းဆကာ သွားကြရလျှင် လမ်းမှားသို့ ရောက်သူရောက်၍ လမ်းမှန်သို့ရောက်သူလည်း ရောက်တတ်ကြသည်ဖြစ်ရာ ပင်ကိုဉာဏ်ကင်းမဲ့သော 'ဒုပ္ပဇာန' တို့မှာမူကား အသို့လျှင် လမ်းမှန်သို့ ရောက်အံ့နည်း။ အမှားလမ်းသို့သာ အလိုက်များကြ၍ ယခုဘဝ၊ နောက်ဘဝ တို့၌ ကြီးပွားချမ်းသာရေးနှင့် အလှမ်းအကမ်းဝေး၍ ဆင်းရဲပျက်စီးခြင်း ဘေးနှင့်သာ တွေ့ကြရတတ်သောကြောင့် 'ဒုပ္ပဇာနော ပရာဘဝေါ' ဟု ဟောတော်မူပေသည်။

မင်္ဂလသုတ္တန်၌– 'အသေဝနာ စ ဗာလာနံ' ဟူ၍ ကြီးပွားချမ်းသာလိုသောသူသည် လူမိုက်နှင့် မဆက်ဆံ မပေါင်းသင်းလေနှင့်ဟု အခြားသောမင်္ဂလာတို့၏ ရှေးဦးစွာ ဟောကြားတော်မူခြင်းဖြင့် ကြီးပွားလမ်းကို ပိတ်ဆို့ရုံသာမက ဖျက်ဆီးနှောင့်ယှက်တတ်သော မကောင်းသူ လူမိုက်နှင့် ပေါင်းသင်းဆက်ဆံရေးကို တားမြစ်ဟောကြားတော်မူသကဲ့သို့ ဤပရာဘဝသုတ္တန်၌လည်း ပဋိသန္ဓေအသိဉာဏ် ရှိ မရှိကို ပဓာနထား၍ ရှေးဦးစွာ ဟောကြားတော်မူသည်။ ပဋိသန္ဓေဉာဏ်ဓာတ် ပါရှိသော ပုဂ္ဂိုလ်သည်ပင်လျှင် အခြားအကြောင်းတို့ ချို့တဲ့ပါက

mgyoe.com

ကြီးပွားချမ်းသာရေးလမ်း ပျက်ပြားတတ်ပေသေးသည်ဖြစ်ရာ ပဋိသန္ဓေဉာဏ်ဓာတ် ပကတိကပင် မပါရှိခဲ့သော ပုဂ္ဂိုလ်စားတို့မှာကား အဘယ်မှာ ကြီးပွားတိုးတက်သော ချမ်းသာရေးကို ရရှိပါတော့မည်နည်း။ သို့ကြောင့် ပျက်စီးရာ ပျက်စီးကြောင်း၊ ဆင်းရဲရာ ဆင်းရဲကြောင်း အများတို့တွင် ပင်ကိုဓာတ်ခံ ပဋိသန္ဓေဉာဏ် မရှိခြင်းသည် ပထမအကြောင်းရင်းဖြစ်သည်ဟု ရှေးဦးစွာ အစထား၍ ဟောကြားတော်မူသည်ကို မှတ်ယူကြရာသည်။

**ဆောင်ပုဒ်။** ။ အကြောင်းမှန်ကို၊ ဉာဏ်မှန်နှင့်မြင်၊
သိလွယ်လျှင်ကား၊ သူ ကြီးပွား၏။
ဉာဏ်ပါးအလင်း၊ ကင်းမဲ့လျှင်းက၊
ပျက်စီးရ၊ မုချမလွဲမှတ်။

* * *

## (၂) ဓမ္မကာမော ဘဝံဟောတိ

(လမ်းမှန်) တရားကို လိုလားသောသူသည် ကြီးပွားချမ်းသာတတ်၏။

## (၂) ဓမ္မဒေဿီ ပရာဘဝေါ

(လမ်းမှန်) တရားမှန်ကို မလိုလား (ဒုစရိုက်များကိုသာ) ပြုလုပ်လိုသောသူသည် ပျက်စီးဆုတ်ယုတ်တတ်၏ဟု ဖြေဆိုဟောကြားတော်မူသည်မှာလည်း ကြီးပွားကြောင်းနှင့် တွဲယှဉ်၍ ကြီးပွားကြောင်းကို ပထမညွှန်ကြားတော်မူပြီးလျှင် ကြီးပွားကြောင်းဖြစ်သော ဓမ္မကာမသဘော ကင်းဝေးသောသူသည် ပျက်စီးဆုတ်ယုတ်တော့သည်သာဟု ဟောတော်မူလိုရင်းဖြစ်သည်။ ပဋိသန္ဓေဉာဏ်ဓာတ်ခံရှိပြီး လမ်းမှန်ကို သိမှသာ ဓမ္မကာမဖြစ်နိုင်သည်။ ပဋိသန္ဓေဉာဏ်ဓာတ် ကင်းမဲ့သူမှာ

mgyoe.com

mgyoe.com

ဓမ္မဒေသီတရားကို မုန်းသောသူဖြစ်သောကြောင့် ပထမ ပရာဘဝ သဘောတရား၏ အခြားမဲ့၌ ဤဒုတိယ ပရာဘဝသဘောတရားကို ဆက်လက်၍ ဟောကြားတော်မူသည်။

သုစရိုက်၊ ဒုစရိုက်တို့၏ သရုပ်တို့ကို များစွာသော မြန်မာကျမ်းစာတို့၌ ရေးသားဖော်ပြလျက်ရှိကြကုန်၏။ သို့သော်လည်း ဤစာကို ဖတ်ကြားနာယူကြသော ပရိသတ်တို့မှာ လွယ်ကူစွာ သိရှိနိုင်စေရန် ဖော်ထုတ်ရေးလိုက်ဦးမည်။

## သုစရိုက်ဆယ်ပါး

### ကာယသုစရိုက်သုံးပါး

၁။ ပါဏာတိပါတာ ဝေရမဏီ– သတ္တဝါတို့ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။

၂။ အဒိန္နာဒါနာ ဝေရမဏီ– သူတစ်ပါးပစ္စည်းကို မပေးဘဲ ယူခြင်းမှ ရှောင်ကြဉ်ခြင်း။

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ– မလွန်ကျူးထိုက်သော ယောကျာ်း မိန်းမကို လွန်ကျူးခြင်းမှ ရှောင်ကြဉ်ခြင်း။

### ဝစီသုစရိုက်လေးပါး

၁။ မုသာဝါဒါ ဝေရမဏီ– မမှန်စကား ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း။

၂။ ပိသုဏာဝါစာ ဝေရမဏီ– ကုန်းချောမှုမှ ရှောင်ကြဉ်ခြင်း။

၃။ ဖရုသဝါစာ ဝေရမဏီ– ကြမ်းတမ်းစွာ ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း။

၄။ သမ္ဖပ္ပလာပါ ဝေရမဏီ– အဖျင်းပြောမှုမှ ရှောင်ကြဉ်ခြင်း။

mgyoe.com

mgyoe.com


မနောသုစရိုက်သုံးပါး

၁။ အဘိဇ္ဈာ ဝေရမဏီ– သူ့ဥစ္စာကို ကိုယ့်ဥစ္စာဖြစ်စေလိုမှုမှ ရှောင်ကြဉ်ခြင်း။

၂။ ဗျာပါဒါ ဝေရမဏီ– သူတစ်ပါးကို ပျက်စီးစေလိုမှုမှ ရှောင်ကြဉ်ခြင်း။

၃။ မိစ္ဆာဒိဋ္ဌိယာ ဝေရမဏီ– အယူအမြင်မှားမှုမှ ရှောင်ကြဉ်ခြင်း။

ကာယသုစရိုက်–၃၊ ဝစီသုစရိုက်–၄၊ မနောသုစရိုက်–၃၊ ပေါင်း –၁၀။

ဤသုစရိုက်ဆယ်ပါးကို–

၁။ ကိုယ်တိုင်ပြုလုပ်ခြင်း။

၂။ သူတစ်ပါးကို ပြုလုပ်ရန် တိုက်တွန်းနှိုးဆော်ခြင်း။

၃။ သူတစ်ပါးပြုလုပ်သည်ကို ချီးမွမ်းအားပေးခြင်း။

၄။ သူတစ်ပါးနှင့် အတူတကွ တွဲဖက်ပြုလုပ်ခြင်း။

ဤလေးပါးနှင့်မြှောက်လျှင် ၁၀ × ၄ = ၄၀ – သုစရိုက် ပေါင်း ၄၀ ဖြစ်သည်။

**ဆောင်ပုဒ်။** ။ ကိုယ်တိုင်နှိုးဆော်၊ မြွက်ဖော်ချီးကျူး၊
ဆည်းပူးတူကွ၊ မြှောက်ပွားက၊
မှတ်ကြ လေးဆယ်တည်း။

## ဒုစရိုက်ဆယ်ပါး

ကာယဒုစရိုက်သုံးပါး

၁။ ပါဏာတိပါတ– သတ္တဝါကို သတ်ခြင်း။

၂။ အာဒိန္နာဒါန– သူတစ်ပါးပစ္စည်းကို မပေးဘဲယူခြင်း။

၃။ ကာမေသု မိစ္ဆာစာရ– မကျူးလွန်ထိုက်သော မိန်းမ ယောကျ်ားတို့၌ လွန်ကျူးခြင်း။

mgyoe.com

mgyoe.com


ဝစီဒုစရိုက်လေးပါး

၁။ မုသာဝါဒ– မမှန်စကားပြောခြင်း။

၂။ ပိသုဏာဝါစာ– ကုန်းချောခြင်း။

၃။ ဖရုသဝါစာ– ကြမ်းတမ်းစွာပြောခြင်း။

၄။ သမ္ဖပ္ပလာပ– အဖျင်းပြောခြင်း။

မနောဒုစရိုက်လေးပါး

၁။ အဘိဇ္ဈာ– သူ့ဥစ္စာကို မိမိဥစ္စာ ဖြစ်စေလို၍ ကြံခြင်း။

၂။ ဗျာပါဒ– သူတစ်ပါးကို ပျက်စီးစေလိုခြင်း။

၃။ မိစ္ဆာဒိဋ္ဌိ– အယူအမြင်မှားခြင်း။

ကာယဒုစရိုက်–၃၊ ဝစီဒုစရိုက်–၄၊ မနောဒုစရိုက်–၃၊ ပေါင်း–၁၀။

ဤဒုစရိုက်ဆယ်ပါးကို–

၁။ ကိုယ်တိုင်ပြုလုပ်ခြင်း။

၂။ သူတစ်ပါးပြုလုပ်ရန် တိုက်တွန်းနှိုးဆော်ခြင်း။

၃။ သူတစ်ပါးပြုလုပ်သည်ကို ချီးမွမ်းအားပေးခြင်း။

၄။ သူတစ်ပါးနှင့် အတူတကွ တွဲဖက်၍ ပြုလုပ်ခြင်း။

ဤလေးပါးနှင့်မြှောက်လျှင် ၁၀ × ၄ = ၄၀ ဒုစရိုက်ပေါင်း ၄၀ ဖြစ်သည်။

**ဆောင်ပုဒ်။** ။ ကိုယ်တိုင်နှိုးဆော်၊ မြှောက်ဖော်ချီးကျူး၊
ဆည်းပူးတူကွ၊ မြှောက်ပွားက၊
မှတ်ကြ လေးဆယ်တည်း။

စဉ်းစား၍ ဖတ်ပါ

ကောင်းမှုကုသိုလ်ဖြစ်ကြောင်း သုစရိုက်တို့ကိုပြုလုပ်လျှင် လိုလားနှစ်သက်လျှင် ကြီးပွားချမ်းသာတတ်သည်။ မကောင်းမှု အကုသိုလ်

mgyoe.com

mgyoe.com


ဖြစ်ကြောင်း ဒုစရိုက်တို့ကို ပြုလုပ်ရန် လိုလားနှစ်သက်၍ ကောင်းမှု ကောင်းလုပ်တို့ကို ရွံမုန်းစက်ဆုပ်လျှင် ပျက်စီးဆုတ်ယုတ်တတ်သည်ဟု ဗုဒ္ဓမြတ်စွာ ဖြေဆိုမိန့်ကြားတော်မူသည်မှာ ဟုတ်မှန်ထိုက်ပါသလော၊ မှားယွင်းပါသလော ကိုယ်ပိုင်ဉာဏ်ဖြင့် ဆုံးဖြတ်ကြည့်ပါ။

မည်သည့်ဘာသာဝင်မဆို တစ်ကမ္ဘာလုံးရှိ အစိုးရဟူသမျှတို့ အုပ်ချုပ်သောနိုင်ငံတိုင်း၌ ရဲသားများ၊ ရဲဌာနများ၊ တရားရုံးများ၊ အချုပ်ထောင်ကလေးများ၊ အချုပ်ထောင်ကြီးများတို့ တည်ထားကြရသည်မှာ မကောင်းမှုဒုစရိုက်တို့ကို ပြုလုပ်သော ဓမ္မဒေသီ လူစားတို့ကို ဖမ်းဆီးချုပ်နှောင်ရန် စစ်ဆေးစီရင်ရန် အပြစ်အလျောက် အပြစ်ဒဏ်ကို ခံယူကြစေရန် တည်ထားကြရသည် မဟုတ်တုံလော။ ဗုဒ္ဓဘာသာဝင်မဟုတ်သော အချို့ပုဂ္ဂိုလ်များသည်ပင် သဘောတရားကို နားလည်ကြ၏။ မကောင်းမှုဒုစရိုက်ပြုသူတို့ကို စစ်ဆေး၍ ထင်ရှားလျှင် လက်ငင်း ထောင်ဒဏ် စသောအပြစ်ပေးကြ၏။ ဒုစရိုက်သမားတို့လည်း မကောင်းပြစ်ကို ခံယူကြရ၍ ပျက်စီးကြ၏၊ ဆင်းရဲပင်ပန်းကြ၏၊ ရောဂါသော်လည်း ရကြ၏၊ အသက်သော်လည်း ဆုံးရှုံး၍ လူ့ဘဝတုံးကြရ၏၊ မည်သူက ဆင်းရဲပင်ပန်းစေပါသနည်း၊ မည်သူက ဖျက်ဆီးပါသနည်း။ မိမိကိုယ်တိုင်ပြုလုပ်သော ဒုစရိုက်အမှုများက ဆင်းရဲပင်ပန်းစေသည်၊ ပျက်စီးစေသည် မဟုတ်ပါလော၊ သုစရိုက်ပြုမှုကို ရွံမုန်း၍ ဒုစရိုက်ပြုမှုကို လိုလားသောသူသည် ဥစ္စာစည်းစိမ် ဂုဏ်သိန်တန်ခိုးမှစ၍ ပျက်စီးဆုတ်ယုတ်ကာ ပင်ပန်းဆင်းရဲတတ်သည်ဟု ဗုဒ္ဓဂေါတမ မိန့်ဆိုတော်မူသည်မှာ လွဲပါသေးသလော။

ဤစကားရပ်သည် ယခုလက်ငင်း ကြုံကြိုက်နေသောဘဝ၌ တွေ့ရသော ပျက်စီးရေး၊ ဆင်းရဲပင်ပန်းရေးမျှကိုသာ အတိုချုံး၍ ပြလိုက်ခြင်းဖြစ်သည်။ သေလွန်ပြီးနောက် အပါယ်သို့ ရောက်သောအခါ ယခုဘဝထက် အဆပေါင်းများစွာ ကြီးမားလေးလံသော ဆင်းရဲကြီးများကို နှစ်ကာလပေါင်း ထောင်သောင်းမက ခံကြရဦးမည်မှာ

mgyoe.com

mgyoe.com


လည်း ကြောက်ခမန်းလိလိ ရှိသေး၏။ ထိုသို့သော နောက်ဘဝ၌ ခံယူရမည့် ချမ်းသာတို့မှ ပျက်စီးရခြင်း၊ ယုတ်လျော့ရခြင်းသည် ကောင်းမှု ကောင်းလုပ်ဖြစ်သော သုစရိုက်သဘောတရားတို့ကို ရှုံ့မုန်းပြီး အဓမ္မဒုစရိုက်မှုတို့ကို လိုလားနှစ်သက်ကာ ပြုလုပ်ကြသောကြောင့်သာဖြစ်၍ 'ဓမ္မဒေသီ ပရာဘဝေါ' ဟု ဟောကြားတော်မူပေသည်။

ဒုစရိုက်တို့ကို ပြုလုပ်လေ့ရှိသော သူတို့၏ နောက်ဘဝ၌ ရရှိခံယူရမည့် အပြစ်တို့ကို ဗုဒ္ဓမြတ်စွာ ဒိဋ္ဌသိမြင်တော်မူသည့်အတိုင်း ဟောပြတော်မူခဲ့သည်ကို သိမှတ်ကောင်းလှ၏။

၁။ သတ္တဝါတို့၏ အသက်ကို သတ်ဖြတ်ညှဉ်းဆဲခြင်း စေတနာများသောသူသည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာတို့၌ ဖြစ်တတ်၏။ အပေါ့ဆုံးဖြစ်သော ပါဏာတိပါတကံသည် လူဖြစ်သောအခါ အသက်တိုတတ်၏။

၂။ ဥစ္စာရှင်မပေးဘဲ သူတစ်ပါးပိုင်ဆိုင်သော ပစ္စည်းကို ခိုးဝှက်လုယက်ခြင်း စသည်ဖြင့် ယူတတ်သော စေတနာများသောသူသည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာတို့၌ ဖြစ်တတ်၏။ အပေါ့ဆုံးဖြစ်သော အဒိန္နာဒါနကံသည် လူဖြစ်သောအခါ စည်းစိမ်ဥစ္စာ ပျက်စီးဆုံးရှုံးတတ်၏။

၃။ မကျူးလွန်ထိုက်သော မိန်းမ၊ ယောကျ်ားတို့၌ လွန်ကျူးသော စေတနာများသောသူသည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာတို့၌ ဖြစ်တတ်၏။ အပေါ့ဆုံးဖြစ်သော ကာမေသုမိစ္ဆာစာရကံသည် လူဖြစ်သောအခါ ရန်သူပေါများတတ်၏။

၄။ မုသားပြောဆိုတတ်သော စေတနာများသောသူသည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာတို့၌ ဖြစ်တတ်၏။ အပေါ့ဆုံးဖြစ်သော မုသာဝါဒကံသည် မဟုတ်မတရား အစွပ်အစွဲ ခံရတတ်၏။

၅။ ကုန်းတိုက်စကား ပြောဆိုတတ်သော စေတနာများသောသူသည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာတို့၌ ဖြစ်တတ်၏။ အပေါ့

mgyoe.com

mgyoe.com


ဆုံးဖြစ်သော ပိသုဏာဝါစာကံသည် မိတ်ဆွေတို့နှင့် မိတ်ပျက်တတ်၏။

၆။ အဓိပ္ပာယ်အနက် ကြမ်းတမ်းသောစကားကို ပြောဆိုတတ်သော စေတနာများသောသူသည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာတို့၌ဖြစ်တတ်၏။ အပေါ့ဆုံးဖြစ်သော ဖရုသဝါစာကံသည် လူဖြစ်သောအခါ နှစ်သက်ဖွယ် ကြားနာချင်ဖွယ်မရှိသော ကြမ်းတမ်းစပ်ခါး ခံခက်သော စကားသံတို့ကိုသာ ကြားရတတ်၏။

၇။ အနှစ်အသားမပါ အချည်းနှီး ဗလာစကားဖြစ်သော သမ္ဖပ္ပလာပကို ပြောဆိုတတ်သော စေတနာများသောသူသည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာတို့၌ ဖြစ်တတ်၏။ အပေါ့ဆုံးဖြစ်သော သမ္ဖပ္ပလာပကံသည် မိမိ ပြောဆိုသော စကားကို သူတစ်ပါးတို့ လေးစားယုံကြည်ခြင်းမရှိသော မကောင်းကျိုးကို ရရှိတတ်၏။

၈။ အရက်သေစာ စသော မူးယစ်တတ်သောအရာမျိုးကို သောက်စားခြင်း၊ စေတနာများသောသူသည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာတို့၌ ဖြစ်တတ်၏။ အပေါ့ဆုံးဖြစ်သော သုရာမေရယကံသည် လူဖြစ်သောအခါ ရူးသွပ်တတ်၏။

၉။ သူတစ်ပါးပစ္စည်းကို မိမိပစ္စည်းဖြစ်ပါမူကား ကောင်းလေစွဟု ကြံစည်ခြင်း အဘိဇ္ဈာစေတနာများသောသူသည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာတို့၌ ဖြစ်တတ်၏။ အပေါ့ဆုံးဖြစ်သော အဘိဇ္ဈာကံသည် လူဖြစ်သောအခါ၌ မိမိပစ္စည်းကို သူတစ်ပါး ကြံစည်ခြင်း ခံရပေမည်။

(က) ယံ ကမ္မံ ကရိဿတိ ကလျာဏံ ဝါ ပါပကံ ဝါ။
တဿ ကမ္မဿ ဒါယာဒေါ ဘဝိဿတိ။

(ခ) ကလျာဏကာရီ ကလျာဏံ၊ ပါပကာရီ စ ပါပကံ။

mgyoe.com

mgyoe.com


ယာဒိသံ ဝပ္ပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ။
အစ ရှိသည်တို့နှင့် အညီတည်း။

၁၀။ သူတစ်ပါးတို့ကို ပျက်စီးစေလိုသော စေတနာများသော သူသည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာတို့၌ ဖြစ်တတ်၏။ အပေါ့ဆုံးဖြစ်သော ဗျာပါဒကံသည် လူဖြစ်သောအခါ မိမိ၏ အသက်စည်းစိမ်ကို သူတစ်ပါးက ဖျက်ဆီးတတ်၏။

၁၁။ ကောင်းမှု၊ မကောင်းမှုဟူ၍မရှိ။ ကောင်းကျိုး၊ မကောင်းကျိုးဟူ၍လည်း မရှိ။ ဤလောကဟူ၍လည်း မရှိ။ အခြားလောကဟူ၍လည်းမရှိ။ ယခုဘဝ၌လည်းမရှိ။ နောက်ဘဝလည်းမရှိဟု မဆိုလိုသည်။ အမိအဖဟူ၍လည်း မရှိစသည်ဖြင့် မှားယွင်းဖောက်ပြန်သော မိစ္ဆာအယူအမြင်ကို မစွန့်ဘဲ သေသောသူသည် ငရဲတိရစ္ဆာန် ပြိတ္တာတို့၌ ဖြစ်တတ်၏။ အထူးသဖြင့် ငရဲ၌ အဖြစ်များ၏။

[ယခုထုတ်ပြခဲ့ပြီးသော အင်္ဂုတ္တရနိကာယ်လာ မကောင်းမှုအကုသိုလ် ဒုစရိုက်တို့ကြောင့် နောက်ဘဝ၌ ရရှိဦးမည့် အပြစ်ဒဏ်တို့ကိုလည်း ဉာဏ်မှန်နှင့် ဆင်ခြင်ယုံကြည်၍ ဒုစရိုက်တို့ကို ရှောင်ကြဉ်ကြသောအားဖြင့် ကောင်းကျိုးချမ်းသာတို့ကို ရယူကြပါလေ။]

ဒုဗ္ဗိဇာနော ပရာဘဝေါ–ဟူသော ပထမစကားရပ်၌ ပဋိသန္ဓေဉာဏ်ရှိသူတို့ပင် ပဝတ္တိဉာဏ်အမြင် လွဲကြသောကြောင့်ဖြစ်စေ၊ ပါပမိတ္တ– ဟုဆိုအပ်သော မိတ်ဆွေညံ့၊ မိတ်ဆွေဆိုးတို့နှင့် နီးစပ်စွာဆက်ဆံပေါင်းသင်းမိသောကြောင့်ဖြစ်စေ၊ လမ်းကြောင်းတိမ်းပါးလွဲချော်ကာ ပျက်စီးကြောင်း ဒုစရိုက်လမ်းတို့ကို ပြုလုပ်ခင်းကျင်းမိကြသေးလျှင် ပဋိသန္ဓေဉာဏ်ကင်းမဲ့သူတို့မှာကား သုစရိုက်တရား သူတော်ကောင်း သဘောတရားတို့ကို ရှုံ့မုန်း၍ ဒုစရိုက်တို့ကိုသာလျှင် အလွန်အားကြီးစွာ ပြုလုပ်မိတော့မည်ဖြစ်သောကြောင့် 'ဒုဗ္ဗိဇာနော–ပရာဘဝေါ' နောက်၌ 'ဓမ္မဒေဿီ ပရာဘဝေါ' ဟူ၍ ဆက်ကာ ဖြေဆို

mgyoe.com

mgyoe.com


ဟောကြားတော်မူအပ်ပေသည်။

ပဋိသန္ဓေဉာဏ် အသင့်အတင့်ရှိပါလျှင် ဓမ္မဒေဿီဖြစ်သောသူသည် သုစရိုက်သဘောတရားကို အမှားထင်၍ ဒုစရိုက်လမ်းမှားဘက်သို့ လိုက်မိပါက ဉာဏ်ကလေးရှိသလောက် လမ်းမှား၍ ဉာဏ်မှားနှင့် ခရီးထွက်တတ်သည်ကိုလည်း သတိပြုသင့်ကြ၏။ လမ်းမှား၌ ခရီးတွင်တတ်သည်ဟု ဆိုသည်မှာ လမ်းမှား၍ အမှားကို လိုက်စားပြုမူနေသော်လည်း မိစ္ဆာအမြင်နှင့် အမှန်ကြီးမှတ်ထင်ကာ ပင်ကိုဉာဏ်ကလေးကို အလွဲသုံးစားပြုခြင်းကြောင့် အလွဲမှာ ဆံပင်ကောင်းဆိုသလို မိစ္ဆာဉာဏ်နှင့် ဒုစရိုက်များကို စနစ်တကျ သန်သန်ကြီး တွင်တွင်ကြီး ချဲ့ထွင်ပြုမူတတ်သည်ကို ဆိုလိုသည်။ သို့ကြောင့် ပဋိသန္ဓေဉာဏ်ပင်ရှိသော်လည်း ပဝတ္တိ၌ ဓမ္မဒေဿီဖြစ်လျှင် ပျက်စီးတတ်၍ ဆင်းရဲပင်ပန်းရေးနှင့် တိုးမိတတ်သဖြင့် ဓမ္မဒေဿီ သဘောတရားကို ဘုရားရှင် ဆက်၍ ဟောကြားတော်မူပေသည်။

သို့ဖြစ်၍ အသင်တို့သည် အထိုက်အလျောက် စဉ်းစားဆင်ခြင်သိမြင်တတ်သော ပဋိသန္ဓေဉာဏ် ပါရှိသူတို့ ဖြစ်ကြပါလျှင် လက်ရှိကိုယ်ပိုင်ဉာဏ် အဖိုးတန်ရာရောက်၍ ကြီးပွားချမ်းသာကြရလေအောင် သုစရိုက်သဘောတရားတို့ကို မုန်းတီးရွံရှာ ကြောက်လန့်ခြင်းမရှိဘဲ သုစရိုက်တို့သည် ငါတို့အဖို့ အမှန်ဧကန်စင်စစ် ကြီးပွားကြောင်း၊ ချမ်းသာကြောင်းတို့သည် ဖြစ်ကြပေသည်တကားဟု အမြင်မှန်မြင်၍ အလုပ်မှန်ကို ပြုလုပ်မိကြပါစေ၊ ပျက်စီးဆုတ်ယုတ်ကြောင်း ဒုစရိုက်တို့ကိုသာ ကြောက်ရွံ့မုန်းတီး စက်ဆုပ်ရွံရှာ၍ ရှောင်ကွင်းကျော်လွှန်ကြပါလေ။

အဂါရိကဖြစ်သော အိမ်ရာတည်နေကြသူ လူဝတ်ကြောင်တို့သည် ဆိုင်ရာဆိုင်ရာ သုစရိုက်မှုတို့ကို လိုလားနှစ်သက်ကြပါလျှင် ကြီးပွားချမ်းသာကြသည်။ သုစရိုက်မှုတို့ကို မုန်းတီးစက်ဆုပ်လျှင် ပျက်စီးတတ်ကြသည် မဟုတ်သေးပေ။ အနာဂါရိယ ဖြစ်တော်မူကြ

mgyoe.com